ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 27 June 2024 ၁၁၅၀၁

## ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ
## မန္တလေး၊ ရန်ကုန်၊ တောင်ကြီးမြို့တို့တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများဖျက်ဆီး

နေပြည်တော် ဇွန် ၂၆

ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပပြီး တောင်ကြီးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့နှင့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုမှ မြို့နယ် ၂၄ မြို့နယ်တို့၌ တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ ဖျက်ဆီးခြင်း အစီအစဉ်များကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တစ်ပြိုင်တည်း ကျင်းပ၍ အထိမ်းအမှတ်နေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို တောင်ကြီးမြို့၌ မီးရှို့ဖျက်ဆီးစဉ်။

# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ ငှက်ပျောဈေးကောင်းရရှိ၍ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လာ



ပွင့်ဖြူမြို့နယ်၌ ငှက်ပျောစိုက်ပျိုးထားရှိမှုကို တွေ့ရစဉ်။

ပွင့်ဖြူ ဇွန် ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မြေအောက်ရေဖြင့် ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ဒေသခံတောင်သူများထံမှ သိရသည်။

"ဒီနှစ် မိုးရာသီမှာ ငှက်ပျောဈေးကွက် ကောင်းမွန်တာကြောင့် ဒေသခံတောင်သူတွေက ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုး လုပ်ကိုင်ကြတယ်။ ကျွန်တော်တို့ဒေသမှာ အများဆုံးစိုက်ပျိုးတဲ့ ငှက်ပျောကတော့ ဖီးကြမ်းငှက်ပျော ဖြစ်ပါတယ်။ ဖီးကြမ်းငှက်ပျောက လူကြိုက်များပြီး ဈေးပိုရလို့ တောင်သူတွေ အများစုက အားထားစိုက်ပျိုးကြပါတယ်။

စာမျက်နှာ ၇ ကော်လံ ၄ သို့ ❖

## ယနေ့ ဖတ်စရာ

### အားကစားနှင့် ကင်းကွာသောနေ့ မရှိစေလိုပါ



ဆောင်းပါး
စာမျက်နှာ » ၆

### မောင်းသူမဲ့ လကမ္ဘာ စူးစမ်းလေ့လာရေးယာဉ် Chang'e-6 လကမ္ဘာပေါ်မှ ကမ္ဘာ့ပထမဆုံးနမူနာများ ယူဆောင်လာပြီး အောင်မြင်စွာဆင်းသက်

စာမျက်နှာ » ၁၃

ကြေးမုံ

# ပညာအရည်အသွေး ကောင်းမွန်ရေး ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်

ပညာ၏အဓိပ္ပာယ်သည် ကျယ်ပြန့်နက်ရှိုင်းလှသည်။ ပညာသည် သင်ကြားတတ်မြောက်ထားသည့်အတန်းပညာသာမက လေ့လာဆည်းပူးအားထုတ်ထားသည့် အသိပညာဗဟုသုတတို့ထက် ပိုမိုကျယ်ပြန့်နက်ရှိုင်းပေသည်။ ပညာသည် မသိခြင်းဟူသည့် အမိုက်မှောင်ကိုပင် ဖယ်ရှားနိုင်သဖြင့် "ပညာသမာ အာဘာနတ္ထိ" "ပညာနှင့်တူသော အလင်းရောင်မရှိ"ဟု မြတ်စွာဘုရားရှင်က ဟောကြားတော်မူသည်။

"ပညာဆိုသည်မှာ အသေးစိတ်သိခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်သိခြင်းတို့ဖြစ်ကြောင်း၊ ပညာသင်ကြားခြင်းကို ကျောင်းသင်ခန်းစာများ သင်ယူခြင်း (Formal Learning) အပြင် ကျောင်းပြင်ပသင်ယူခြင်း (Non-formal Learning) နှင့် အတွေ့အကြုံများမှ ကိုယ်တိုင်လေ့လာသင်ယူခြင်း (Informal Learning) စသည်များနှင့် ရယူတတ်မြောက်နိုင်ကြောင်း၊ ထိုမှတစ်ဆင့် ဘဝတစ်သက်တာ လေ့လာသင်ယူသွားကြရမည်လည်း ဖြစ်ကြောင်း" နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

သို့ပါ၍ ကြွယ်ဝပြည့်စုံသောပညာများ အစဉ်တတ်မြောက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန် ကျောင်းသင်ပညာများကို အပတ်တကုတ် လေ့လာသင်ယူပြီး ဘဝတစ်သက်တာ လေ့လာအပ်သောပညာများကို စဉ်ဆက်မပြတ်ဆည်းပူးနေခြင်းဖြင့် မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံကိုအကျိုးပြုသည့် နိုင်ငံ့သားကောင်းများပေါ်ထွန်းအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာအပေါ်တွင် အခြေခံသဖြင့် ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် လူငယ်လူရွယ်များဖြင့် နိုင်ငံ၏အနာဂတ်ကို တည်ဆောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ပညာတတ်များဖြစ်မှသာ လူ့ဘဝရှင်သန်ရပ်တည်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးများရရှိပြီး စဉ်းစားတွေးခေါ်မှု၊ ပြဿနာကို ဖြေရှင်းတတ်မှု၊ ဝေဖန်ပိုင်းခြားတတ်မှု၊ တီထွင်ကြံဆတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု စသည့်အရည်အသွေးများ ရရှိလာမည်ဖြစ်သည်။

အရည်အသွေးမြင့်မားသည့် ပညာရပ်များတတ်ကျွမ်းသူသည် ဆန်းသစ်တီထွင်ဖန်တီးတတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်တတ်သူဖြစ်သဖြင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များတွင် အောင်မြင်သူများဖြစ်လာပြီး ဝင်ငွေကောင်းသည့် အလုပ်အကိုင်ကောင်းများကို ပိုင်ဆိုင်နိုင်သည်။ ထို့ကြောင့် ပညာသင်ရမည့် အရွယ်ရောက်သူတိုင်း မဖြစ်မနေပညာသင်ကြားကြရမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများ ကျောင်းပညာရေးတွင် ပညာတတ်၊ ပညာတော်၊ ဘက်စုံထူးချွန်သည့် လူချွန်လူမွန်များပေါ်ထွန်းလာရေးကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ဖြစ်ပေါ်တိုးတက်နေသော ကမ္ဘာ့အခြေအနေများအရ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြေအနေအရ လူ့ဘဝရပ်တည်ရှင်သန်ရေးအတွက် အနည်းဆုံးအဆင့် အလယ်တန်းပညာ ပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ထားရန်လိုအပ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူတိုင်း KG+9 အထိ ပညာသင်ကြားရန် ဦးတည်ချက်ချမှတ်ထားသည်။ လူတိုင်း KG+9 အထိ ပြီးမြောက်အောင်မြင်ရေးအတွက် မသင်မနေရ ပညာသင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ အထူးသဖြင့် အခိုက်အတန့် ကျောင်းအပ်လျော့နေသည့် မူလတန်းအရွယ်တိုင်း ကျောင်းအပ်နှံနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အလယ်တန်းနှင့်အထက်တန်းတွင် ကျောင်းဝင်နှုန်းတိုးတက်ပြီး တန်းစဉ်ကူးပြောင်းမှုမြင့်မားလာလျှင် ကျောင်းထွက်နှုန်းလည်း လျော့နည်းသွားမည်ဖြစ်သည်။ အလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် အသက်မွေးပညာရေးအပါအဝင် သင်ယူမှုအခွင့်အလမ်းများ ယခုထက်ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကအားထားသည့်နိုင်ငံဖြစ်၍ဆိုင်ရာဘာသာရပ်ကိုစနစ်တကျတတ်မြောက်သည့် ကျွမ်းကျင်သူများလိုအပ်သည်။ အတန်းပညာသင်ယူတတ်မြောက်ပြီး အသိပညာဗဟုသုတကြွယ်ဝရန်အတွက် စာကြည့်တိုက်နှင့်စာဖတ်စွမ်းရည် မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ပညာ၏တန်ဖိုးကို အလေးထားသိမြင်ပြီး အရွယ်ရောက်သူတိုင်း ပညာသင်ကြားရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ အရည်အသွေးရှိသည့် ဆရာ ဆရာမ လုံလောက်ရေး၊ ခေတ်မီသည့် သင်ရိုးညွှန်းတမ်းများဖြင့် အရည်အသွေးမြှင့်တင်ရေး၊ ကျောင်းသားဗဟိုပြု သင်ကြားနည်းစနစ်များမှန်ကန်ရေး၊ အကဲဖြတ်စစ်ဆေးမှု၊ စီမံခန့်ခွဲမှု၊ သက်သာချောင်ချိမှုစသည့် ကောင်းမွန်ရေးတို့ကို ဟန်ချက်ညီညီ ပြည့်စုံလုံလောက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်၏ ပညာရေးသည် အချိန်တိုအတွင်း တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း ကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သန်လျင်၌ ခရိုင်အဆင့်သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၆

၂၀၂၄ ခုနှစ် ခရိုင်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ ဇာမဏီအင်းရေလှောင်တမံ ရေဝေရေလဲဧရိယာ၌ ကျင်းပသည်။

ဦးစွာ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား ပျိုးပင်များပေးအပ်ပြီး သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များစိုက်ပျိုးပေးကြသည်။



ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကို အဆိုပါ ဇာမဏီအင်းရေလှောင်တမံ သတ်မှတ်နေရာ၌ ပြုလုပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေလှဲ့ဝါသွေးက အဖွဲ့ဝင်များအား ပျိုးပင်များပေးအပ်ပြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ မန်ကျည်းပင် ၅၀၀၊ ပျဉ်းမပင် ၃၀၀၊ မဟော်ဂနီပင် ၁၀၀၊ မာလာလူးကားပင် ၁၀၀ စုစုပေါင်းပျိုးပင် ၁၀၀၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်

## မုဒုံမြို့၌ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချခြင်း တောင်သူပညာပေးဆွေးနွေး

မုဒုံ ဇွန် ၂၆

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မိုးစပါး မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချခြင်း တောင်သူအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ကော့ပရံကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် မုဒုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က စိုက်ပျိုးနေသည့်ကာလအတွင်း စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေး၊ မိုးစပါးများ စိုက်ပျိုးရာတွင် ကြဲပက်စိုက်ပျိုးခြင်းကို အသုံးမပြုဘဲ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၏ အားသာချက်များ၊ မိုးစပါးတစ်ဧကအထွက်နှုန်းကောင်းမွန်စေရေး၊ ဒေသနှင့်ကိုက်ညီသည့်မျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်မျိုးစေ့နှင့် သွင်းအားစုဆိုင်ရာ လိုအပ်ချက်များနှင့် ပိုးမွှားရောဂါကာကွယ်ရေး နည်းပညာများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ (၇)အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အောင်မျိုးသူ (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၆ - ၆ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၀၀၀ | ၃၂၃ | ၂,၉၁၅,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၅၀ | ၃,၄၁၉ | ၁၁,၂၇၄,၇၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၁,၄၄၉ | ၂,၅၂၇,၁၀၀ |
| TMH | ၂,၇၅၀ | ၂,၈၅၀ | ၂၅၀ | ၆၉၇,၅၀၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၁,၀၃၄ | ၁,၉၇၂,၆၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၂,၅၈၈ | ၈,၆၇၈,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။

❍ ရှေ့ဖုံးမှ

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီးခြင်းကို နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းနှင့် ထီဖောင်းကျေးရွာအုပ်စုတို့၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့မှ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုသင်တန်းကျောင်းတို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသား ကိုယ်စားလှယ်များ၊ မြို့မိ/ မြို့ဖများ တက်ရောက်ကြသည်။

**မီးရှို့ဖျက်ဆီး**

အဆိုပါ မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်းကီလို ၆၀၀ ကျော်၊ ဘိန်းဖြူ ကီလို ၁၀၃၇ ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၁ သန်းကျော်၊ အိုက်စ် ၄၇၇၁ ကီလိုကျော်၊ ကက်တမင်း ၇၆၄ ကီလိုကျော်၊ ဆေးခြောက် ၂၅၆ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၁၇ မျိုးနှင့် ဓာတုပစ္စည်း ၂၅ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၅၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၀၁၃ သန်း)ကို ဖျက်ဆီးခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ထို့ပြင် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ နှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် ပြည်နယ်အဆင့် ဆုရရှိသူများ တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ပြည်နယ် မူးယစ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ နှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့်ဆုရရှိသူများနှင့် ပြည်နယ်အဆင့် ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြခန်းများအား လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် လှိုင်သာယာအနောက်ပိုင်း ကုန်တင်ယာဉ် ရပ်နားကွင်း၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနား ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုတက္ကသိုလ်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် အမြန်လမ်းရဲတပ်ဖွဲ့တို့မှ ဖမ်းဆီးရမိသော ဘိန်း သုည ဒသမ ၂၆၂ ကီလိုကျော်၊ ဘိန်းဖြူ ၅၆ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂ သန်းကျော်၊ အိုက်စ် ၉၅၇၄ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၇၇၅ ကီလိုကျော်၊ ကက်တမင်း ၂၃၈၂ ကီလိုကျော်၊ ဆေးခြောက် ၅၄၁ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၆ မျိုးနှင့် ဓာတုပစ္စည်း ၁၁ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၈၉ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၈၉ သန်း)ကို ဖျက်ဆီးခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် လှိုင်သာယာအနောက်ပိုင်း ကုန်တင်ယာဉ်ရပ်နားကွင်း၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးစဉ်။

**တက်ရောက်**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နံနက် ၁၀ နာရီခွဲတွင် ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ စာပေ၊ ဂီတ၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီး ကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ **စာမျက်နှာ ၄ သို့** ✻



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။

✻ စာမျက်နှာ ၃ မှ

ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီး အဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြခန်းများအား လှည့်လည် ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

**လှည့်လည်ကြည့်ရှု**

အလားတူ မန္တလေးမြို့တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အစီအစဉ်ကို နံနက် ၈ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်) ရပ်ကွက်ရှိ လေယာဉ်ကွင်းအဟောင်း၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မူးယစ်ဆေးဝါးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ရဲအရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ရဲဆက်ဆံရေး အရာရှိကြီးနှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့အခြေစိုက် ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များနှင့် မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ စာပေ၊ ဂီတ၊ ခတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများတွင် ဗဟိုအဆင့် ဆုရရှိသူများနှင့် တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ပြခန်းများအား လှည့်လည် ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

**ဖျက်ဆီး**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့် အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၇၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၁၀၈၅ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၅ သန်းကျော်၊ အိုက်စ် ကီလို ၉၀၀၀ ကျော်၊ ကက်တမင်း ၁၀၁၈ ကီလိုကျော်၊ ဆေးခြောက် ၄၅၈ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါး ၂၁ မျိုးနှင့် ဓာတုပစ္စည်းအမျိုး ၂၀ တို့၏ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၅၄ သန်း) ကို ဖျက်ဆီးခဲ့သည်။

ယခုနှစ်တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများ ဖျက်ဆီးခြင်း အစီအစဉ်များကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုမှ မြို့နယ် ၂၄ မြို့နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဘိန်း ၁၃၆၆ ကီလိုကျော်၊ ဘိန်းဖြူ ၂၁၇၈ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၉ သန်းကျော်၊ အိုက်စ် ၂၃၃၉၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၇၇၅ ကီလိုကျော်၊ ဆေးခြောက် ၁၂၅၇ ကီလိုကျော်၊ ကက်တမင်း ၄၁၆၅ ကီလိုကျော်နှင့် ဘိန်းညိုမှုန့် ၁၂ ကီလိုကျော် အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၇ မျိုး စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၁၆၃ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၃၄၉ ဒသမ ၄၄၃ သန်း) တို့ကို ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း အများအပြား ဖမ်းဆီးရမိဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကလေးမြို့၌(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲနှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနား ကျင်းပ

**မုံရွာ ဇွန် ၂၆**

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် ယနေ့တွင် ကျရောက်သော (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို




ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်ဝင်းက ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအား စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၃၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ဆုရပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီများအား လိုက်လံကြည့်ရှုအားပေးကြသည်။

**မီးရှို့ဖျက်ဆီး**

အဆိုပါ ကလေးမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ပြုလုပ်သော (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများဖြစ်သည့် ဘိန်း၊ ကဖင်း၊ စိတ်ကြွဆေးဝါး၊ အိုက်(စ်) စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် သိန်းပေါင်း ၁၀၂၀၀၀ အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုများပေးအပ်

**လှည်းကူး ဇွန် ၂၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ပံ့ပိုးချေးငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမ အသင်းသားတောင်သူများအား သွင်းအားစုများပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက သနပ်ပြင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

**ပြောကြား**

ထိုသို့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော နိုင်ငံစီးပွားရေး အခြေအနေကောင်းများ ဖန်တီးနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုသည့် မူဝါဒနှင့်အညီ တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ဦးချင်းဝင်ငွေတိုးတက်စေရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်၍ လယ်ယာစိုက်ပျိုးသည့် တောင်သူများ အထွက်နှုန်းတိုးစေရေး၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေးအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေနှင့်ဝန်ထမ်းများက မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအား ဩဘာ (စကြာ)ယူရီးယားနှင့် ဩဘာ (၁၅ ပတ်လည်)ကွန်ပေါင်း ဓာတ်မြေဩဇာ



သွင်းအားစုများကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ညာဏ်ဟိန်း**







**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် သယံဇာတရေးရာဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။



**ဟန်ချက်ညီဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီဆောင်ရွက်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများသည် အဓိကစိန်ခေါ်မှုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားစံချိန်စံညွှန်းကောင်စီမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီတွင် သတ်မှတ်အတည်ပြုခဲ့ပြီးဖြစ်၍ စံချိန်စံညွှန်းပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ရရှိလာနိုင်စေရေးအတွက် ထိရောက်အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်သွားနိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူက ဆွေးနွေးတင်ပြပြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုနှင့် စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဆုံးဖြတ်ချက်များ ချမှတ်**

ထို့နောက် တက်ရောက်လာသူများက ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် အသေးစိတ် ဆွေးနွေးတင်ပြကြပြီး ဆုံးဖြတ်ချက်များ ချမှတ်ကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကော့သောင်း ဇွန် ၂၆**

ကမ္ဘာ့အအေးပေး ပစ္စည်းများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကော့သောင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ ခရိုင်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ အသိပညာပေး ဟောပြောပွဲကို ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။



**ရှင်းလင်းတင်ပြ**

အဆိုပါ ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကမ္ဘာပေါ်တွင် အသုံးပြုနေသော အအေးပေးနည်းပညာလေးမျိုးအကြောင်း၊ အသုံးများသောအအေးပေး ဒြပ်ပစ္စည်းများနှင့် ၎င်းတို့၏ အိုဇုန်းလွှာပျက်စီးမှု အလားအလာနှင့် အအေးပေးပစ္စည်းများသုံးစွဲရာတွင် လိုက်နာသင့်သော အရာများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့ပူးပေါင်း၍ အမှိုက်စို/အမှိုက်ခြောက်/ ပလတ်စတစ်အမှိုက်/ ဘေးအန္တရာယ်ရှိ အမှိုက်တို့အား စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်းနှင့် စနစ်တကျသိမ်းဆည်းခြင်းဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းသားကျောင်းသူများဖြင့် သရုပ်ပြခြင်း၊ အသိပညာပေး ဟောပြောခဲ့သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ကျောင်းသား ကျောင်းသူများကို ပြန်လည်မေးမြန်း ဖြေကြားစေခြင်းတို့ ပြုလုပ်ခဲ့ပြီး ဖြေကြားနိုင်သော ကျောင်းသား ကျောင်းသူများနှင့် သရုပ်ပြအစီအစဉ်တွင် ပါဝင်သော ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ အပူချိန်ထိန်းညှိနည်းပညာတိုးတက်ရေး အသိပညာပေး

**ချောင်းဆုံ ဇွန် ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ (World Refrigeration Day)ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပူးပေါင်းကာ ဇွန် ၂၅ ရက် မွန်းတည့် ၁၂ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ အပူချိန်ထိန်းညှိနည်းပညာတိုးတက်ရေး အလေးထားဆောင်ရွက်ပေး အသိပညာပေးပွဲကို ပြုလုပ်ခဲ့သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒေါ်အိအိထွေး (အငယ်တန်းစာရေး)က အသိပညာပေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ပြောကြားခဲ့ပြီး မွန်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိန္ဒြေအောင်က ကမ္ဘာ့အအေးပေးပစ္စည်းများနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများနှင့် ဌာနမှဆောင်ရွက်နေသည့်လုပ်ငန်းများ၊ အအေးပေးပစ္စည်းများအကြောင်းနှင့် ပါဝင်သည့်ဒြပ်ပစ္စည်းများ၊ မြန်မာနိုင်ငံတွင် အသုံးများသည့် အအေးပေးပစ္စည်းများ၊ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်ပုံများနှင့် သတိပြုရမည့်အချက်များကိုအသေးစိတ်ရှင်းလင်း ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် ဇွန် ၂၆**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေ ခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# အားကစားနှင့် ကင်းကွာသောနေ့ မရှိစေလိုပါ

ကိုငွေး (ကနောင်)

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟု မြတ်ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

ကျန်းမာရေးကောင်းမွန်မှသာ မိမိတစ်ဦးတည်းအတွက်ဖြစ်စေ၊ မိမိ မိသားစုအတွက်ဖြစ်စေ၊ မိမိအဖွဲ့အစည်းအတွက်ဖြစ်စေ၊ မိမိနိုင်ငံအတွက်ဖြစ်စေ အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ ယနေ့ခေတ်ကာလ အခြေအနေတွင် လူအများကြုံတွေ့နေရသည့် ရောဂါများသည် ၎င်းတို့၏ လူနေမှုပုံစံများနှင့် တိုက်ရိုက်အချိုးကျလျက်ရှိပါသည်။

အရက်သောက်သည့်သူတိုင်း ဆေးရုံမတက်ရသော်လည်း ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူအများစုသည် အရက်သမားများသာ ဖြစ်ကြပါသည်။ ဆေးလိပ်သောက်သည့်သူတိုင်း နှလုံးရောဂါ၊ အဆုတ်ရောဂါနှင့် ကင်းဝေးသူမရှိသလောက် နည်းပါးပါသည်။ ကွမ်းစားသူတိုင်း ခံတွင်းကင်ဆာဖြစ်မလာသော်လည်း ခံတွင်းကင်ဆာဖြစ်သည့် လူအများစုသည် ကွမ်းစားသူများသာ ဖြစ်ကြပါသည်။

အရက်၊ ဆေးလိပ်၊ ကွမ်းယာကြောင့် ဖြစ်လာသည့် ရောဂါများကို လူအများ သတိထားမိကြသော်လည်း ကိုယ်လက်လှုပ်ရှားမှုနည်းပါးသည့် နေထိုင်မှုပုံစံ (Inactive Life Style) ကြောင့် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ သွေးတိုးရောဂါ၊ အရိုးပွရောဂါ၊ သွေးတွင်းမကောင်းသည့် အဆီများစုကာ ကိုယ်ခံအားကျခြင်း၊ ဟော်မုန်းမညီမမျှဖြစ်ခြင်း၊ စိတ်ကျရောဂါများ ဖြစ်ပွားလျက်ရှိခြင်းကို လူအများ သတိမထားမိကြသလို အထူးဂရုပြုရှောင်ရှား၍ သိမြင်လိုက်နာဆောင်ရွက်မှု နည်းပါးလျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် ဖြစ်လာနိုင်သည့်ရောဂါများကို အရက်၊ ဆေးလိပ်၊ ကွမ်းယာသုံးစွဲခြင်းကြောင့်ရလာနိုင်သည့် ရောဂါများကဲ့သို့ သတိပြုဆင်ခြင်သင့်လှပေသည်။

ကိုယ်လက်လှုပ်ရှားနည်းပါးမှုကြောင့် ဖြစ်လာမည့်ရောဂါများအား ကာကွယ်နိုင်စေရေးအတွက် အားကစားနည်းတစ်ခုခုကိုဖြစ်စေ၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်ခုခုကိုဖြစ်စေ၊ မိမိ၏ ကိုယ်ပိုင်အချိန်မှ ၁၅ မိနစ် (သို့မဟုတ်) နာရီဝက်ခန့် အချိန်ပေး၍ နေ့စဉ် လုပ်ဆောင်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ယှဉ်ပြိုင်အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ရေကူး စသည့်အားကစားနည်းများကို ဆောင်ရွက်ရန် ဆိုလိုခြင်းမဟုတ်ပါ။

အဆိုပါအားကစားနည်းတစ်ခုခုအား လေ့ကျင့်ကစားမည်ဆိုပါက အားကစားကွင်း၊ အားကစားရုံ၊ အားကစားအထောက်အကူပြုပစ္စည်းများ၊ ကစားဖော်များ၊ ဒိုင်လူကြီးများ လိုအပ်မည်ဖြစ်သကဲ့သို့ အချိန်အတိုင်းအတာတစ်ခုအထိလည်း မိမိ၏ ကိုယ်ပိုင်အချိန်များပေးပြီး ဆောင်ရွက်ရမည်ဖြစ်၍ အခက်အခဲရှိနိုင်ပါသည်။ အလားတူ လူတစ်ဦးချင်း တစ်ကိုယ်ရေကျန်းမာရေးအတွက်ဖြစ်စေ၊ မိသားစုအလိုက်၊ အဖွဲ့အစည်းအလိုက်၊ လူတစ်စုမှသည်



၂၀၂၃ ခုနှစ် ဒီဇင်ဘာလက လူထုစုပေါင်းအားကစားလှုပ်ရှားမှုများ ဆောင်ရွက်စဉ်။

လူထုတစ်ရပ်လုံး၏ ကျန်းမာရေးအတွက်ဖြစ်စေ၊ ကိုယ်ကာယ ကျန်းမာကြံ့ခိုင်စေရေးအတွက် ဆောင်ရွက်သည့် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ စုပေါင်းလမ်းလျှောက်ခြင်းများ၊ စုပေါင်းစက်ဘီးစီးခြင်းများ၊ စုပေါင်းအေရိုးဗစ်ကစားခြင်းများ၊ စုပေါင်း Physical Fitness Dance ကစားခြင်းများမှသည် ယောဂကျင့်စဉ်များအပါအဝင် ရုပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအားလုံးကိုလည်း အားကစားဟု အဓိပ္ပာယ်ဖွင့်ဆိုထားရှိသဖြင့် မိမိရရှိသည့် အချိန်အပေါ်မူတည်ပြီး တစ်ဦးချင်း၊ အဖွဲ့လိုက် ဆောင်ရွက်သင့်ပါသည်။

တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ လူအများနှင့်ဖြစ်စေ စုပေါင်းဆောင်ရွက်သည့် လှုပ်ရှားဆောင်ရွက်မှုအားလုံးသည် ကိုယ်လက်လှုပ်ရှားအားကစားပင်ဖြစ်သည့်အတွက် ပါဝင်ဆောင်ရွက်သူအားလုံး ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျန်းမာပျော်ရွှင်သောသူများဖြစ်စေရေးအတွက် သက်ရှိလူသားတိုင်း အားကစားနှင့်ကင်းကွာသောနေ့များ မရှိစေရေး၊ အားကစားနည်းတစ်ခုခုကိုဖြစ်စေ၊ ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းတစ်ခုခုကိုဖြစ်စေ မပျက်မကွက် ဆောင်ရွက်သင့်ပါသည်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းများစွာရှိသည့်အနက် အရွယ်သုံးပါးစလုံး တစ်ဦးချင်းဖြစ်စေ၊ လူအများစုပေါင်း၍ဖြစ်စေ လိုက်ပါလုပ်ဆောင်နိုင်သည့် လုပ်ဆောင်ရန် လွယ်ကူသော လေ့ကျင့်ခန်းမှာ လမ်းလျှောက်ခြင်းပင်ဖြစ်ပါသည်။

## လမ်းလျှောက်ခြင်းသုံးမျိုး

ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းကိုလည်း အမျိုးအစားသုံးမျိုး ခွဲခြားသတ်မှတ်နိုင်ပါသည်။ ပထမအမျိုးအစားမှာ ပုံမှန်ခြေလှမ်းဖြင့် သက်သက်သာသာ လမ်းလျှောက်ခြင်းဖြစ်ပြီး သာမန်လမ်းလျှောက်သည့် နှုန်းထားအတိုင်း စိတ်လက်ပေါ့ပါးစေရန်နှင့် အညောင်းပြေ လမ်းလျှောက်ခြင်းမျိုး ဖြစ်ပါသည်။ ဒုတိယတစ်မျိုးမှာ ခပ်သွက်သွက် လမ်းလျှောက်ခြင်းဖြစ်ပြီး တစ်မိနစ်လျှင် ခြေလှမ်း ၁၂၀ မှ ၁၅၀ အထိရရန် အားစိုက်ထုတ်၍ လမ်းလျှောက်ခြင်းမျိုး ဖြစ်ပါသည်။ ကျန်းမာရေးအတွက် ထိရောက်သည့် လမ်းလျှောက်ခြင်းမျိုးဖြစ်၍ လိုက်ပါလုပ်ဆောင်ခြင်းဖြင့် ကျန်းမာရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။ တတိယတစ်မျိုးမှာ ပြိုင်ပွဲဝင်အားကစားသမားများ လမ်းလျှောက်သည့်ပုံစံဖြစ်ပြီး သတ်မှတ်ထားသော နည်းစနစ်၊ နည်းဥပဒေများအတိုင်း ခွန်အားကို အစွမ်းကုန်အသုံးပြု၍ သူနိုင်ကိုယ်နိုင် မြန်သည်ထက်မြန်အောင် ယှဉ်ပြိုင်ပြီး လမ်းလျှောက်ခြင်း ဖြစ်ပါသည်။

## လမ်းလျှောက်ရာတွင် သိရှိလိုက်နာသင့်သည့် အချက်များ

အထက်ပါ လမ်းလျှောက်ခြင်းသုံးမျိုးဖြင့် လမ်းလျှောက်ရာတွင် ကျန်းမာရေးအတွက် အကျိုးရှိအောင် မည်သို့လျှောက်ရမည်ကို သိရှိထားသင့်ပါသည်။ လမ်းလျှောက်ရာတွင် အချိန်ဘယ်လောက်ကြာကြာ(Time) လမ်းလျှောက်မည်လဲ၊ ဘယ်လောက်မြန်မြန်(Speed) လမ်းလျှောက်မည်လဲ၊ ဘယ်လောက်ဝေးဝေး (Distance) လမ်းလျှောက်မည်လဲဆိုသည့် အချက်များအပေါ် လမ်းလျှောက်သူများအနေဖြင့် သင့်လျော်သလို စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အသက်အရွယ်အရ၊ ကျန်းမာသန်စွမ်းမှုအရ၊ ရောဂါအခံရှိမှုများအရ တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိနိုင်သဖြင့် မိမိခံနိုင်ရည်ရှိသလောက်သာ ချင့်ချိန်ဆောင်ရွက်သင့်ပါသည်။

## လမ်းလျှောက်ခြင်းနှင့်ပတ်သက်၍ အကြံပြုချက်လေးချက်

ကျန်းမာရေး ကောင်းမွန်သူများဖြစ်စေရန် လမ်းလျှောက်သည့်အလေ့အကျင့်ကို ပြုစုပျိုးထောင်ရမည်ဖြစ်သော်လည်း အမေရိကန်အားကစားဆိုင်ရာ ဆေးကောလိပ် (American College of Sports Medicine) အနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လမ်းလျှောက်ခြင်းဖြစ်စေရန် အောက်ပါအချက်လေးချက်ကို လိုက်နာရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။ အတိုကောက်အနေဖြင့် (FITT) ဟု သတ်မှတ်ထားပါသည်။

ပထမစာလုံး (F) မှာ **Frequency (အကြိမ်ရေ)** ဖြစ်ပြီး ခပ်သွက်သွက် လမ်းလျှောက်ခြင်းကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ခွဲခြားသတ်မှတ်ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားပါသည်။ ပထမအဆင့်အနေဖြင့် တစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်၊ တစ်ကြိမ်လျှင် ၁၅ မိနစ်မှ မိနစ် ၃၀ ခန့် လမ်းလျှောက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် တစ်ပတ်လျှင် ခြောက်ကြိမ်၊ တစ်ကြိမ်လျှင် မိနစ် ၂၀ မှ မိနစ် ၃၀ ခန့် လမ်းလျှောက်ခြင်း၊ တတိယအဆင့်မှာ တစ်ပတ်လျှင် ခုနစ်ကြိမ်၊ တစ်ကြိမ်လျှင် မိနစ် ၃၀ မှ ၄၅ မိနစ်ခန့်ကို မိမိ၏ အသက်အရွယ်၊ ကျန်းမာသန်စွမ်းမှု၊ ရောဂါရှိမှုများနှင့် ခံနိုင်ရည်ရှိမှုများအပေါ်မူတည်၍ အဆင့်ဆင့် ပြောင်းလဲဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဒုတိယစာလုံး(I)မှာ Intensity **(အားထည့်မှုအတိုင်းအတာ)** ဖြစ်ပြီး လမ်းလျှောက်သူ၏ ခန္ဓာကိုယ်မှ ချွေးထွက်ပြီး အသက်ရှူမြန်လာသည်အထိ သွက်သွက်လမ်းလျှောက်ပေးနိုင်ပါက ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ပါသည်။ တတိယစာလုံး(T)မှာ **Type of Activity (လှုပ်ရှားမှုပုံစံအမျိုးအစား)**ဖြစ်ပြီး လမ်းလျှောက်ရာတွင် ခန္ဓာကိုယ်တောင့်တင်းမှုမရှိစေဘဲ မတ်မတ်ထားရမည်၊ ခေါင်းသည် ရှေ့တည့်တည့်ကိုကြည့်ပြီး အသက်ပုံမှန်ရှူရမည်၊ လက်သီးဖွဖွဆုပ်၍ တံတောင်ဆစ်ကွေးပြီး လမ်းလျှောက်ရမည်၊ ဒူးများ အလိုက်သင့် ကွေးနေစေရမည်၊ ခြေလှမ်းတိုင်းတွင် ဖနောင့်နှင့် မြေကြီးအရင်စထိ၍ ဖနောင့်မှ ခြေဖဝါး၊ ပြီးမှ ခြေဖျားအထိ ရောက်ရမည်၊ လမ်းလျှောက်သည့် လှုပ်ရှားမှုပုံစံမှန်မှသာ ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ပါသည်။ စတုတ္ထစာလုံး(T)မှာ **Time of Duration (ကြာချိန်)** ဖြစ်ပြီး လမ်းလျှောက်ချိန်သည် တစ်ကြိမ်တွင် ၁၅ မိနစ် ဖြစ်စေ၊ ၄၅ မိနစ်ဖြစ်စေ၊ တစ်နာရီဖြစ်စေ လမ်းလျှောက်ရာတွင် စလျှောက်သည့်အချိန်မှ ပြီးဆုံးသည့်အချိန်အထိ ပုံမှန်နှုန်းဖြင့်သာ တစ်ပြေးညီ လျှောက်ရမည်၊ မြန်လိုက်နှေးလိုက် မဖြစ်စေရပါ။

## လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

လမ်းလျှောက်လေ့ကျင့်ခန်း ပြုလုပ်ခြင်းကြောင့် သွေးလည်ပတ်မှုကို ညီညွတ်မျှတစေသည်၊ အောက်ဆီဂျင်ရှူသွင်းမှုနှုန်း တိုးတက်စေပြီး ကိုယ်ခံစွမ်းအားကို ကြံ့ခိုင်စေသည်။ ကြွက်သားများကို သန်မာစေပြီး ပိုလျှံအဆီများကို ချေဖျက်နိုင်သည်၊ အကြောအခြင်၊ အရွတ်များကို ပျော့ပျောင်းစေပြီး ဖျတ်လတ်ပေါ့ပါးစေသည်၊ စိတ်ဖိစီးမှုကို ပြေလျော့ပြီး ကြည်လင်လန်းဆန်းစေသည့်အတွက် လူတိုင်းလူတိုင်းအတွက် အကျိုးများသည့် လေ့ကျင့်ခန်းဖြစ်ပါသည်။

## ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်း ပြုလုပ်ရာတွင် သတိပြုရမည့်အချက်များ

အားကစားနည်းတစ်ခုခုကိုဖြစ်စေ၊ ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်း တစ်ခုခုကိုဖြစ်စေ၊ လမ်းလျှောက်ခြင်း လေ့ကျင့်ခန်းကိုဖြစ်စေ ဆောင်ရွက်မည်ဆိုပါက စတင်မပြုလုပ်မီ သွေးပူလေ့ကျင့်ခန်း (Warmming Up) အနည်းဆုံး ၁၅ မိနစ်ခန့် ပြုလုပ်သင့်ပါသည်။ လေ့ကျင့်ခန်းများ ထိရောက်မှုရှိစေရေးအတွက် လှုပ်ရှားမှုကို ဖြည်းဖြည်းနှင့် မှန်မှန်ပြုလုပ်ရမည်၊ လေရှူသွင်းရာတွင် ခပ်ပြင်းပြင်းရှူသွင်း၍ လေ့ကျင့်ခန်းများကို စတင်ပြီး လှုပ်ရှားမှုပြီးဆုံးသည်နှင့် ရှူထားသောလေကို ခပ်ပြင်းပြင်းရှူထုတ်ရမည်၊ လေ့ကျင့်ခန်းပြုလုပ်နေစဉ် လေ့ကျင့်ခန်း၏လှုပ်ရှားမှုအပေါ် အာရုံစူးစိုက်မှု (Concentration) အထူးလိုအပ်ပါသည်။

လေ့ကျင့်ခန်းများခက်ခဲပါက မရမက ပြုလုပ်ခြင်းမျိုးကိုလည်း အထူးရှောင်ရှားသင့်ပါသည်။ လေ့ကျင့်ခန်းပြီးဆုံးပါက ကိုယ်ခန္ဓာအား ဆွဲဆန့်သည့် ကာယလေ့ကျင့်ခန်း (Stretching Exercise) ပြုလုပ်ရမည်၊ ကာယလေ့ကျင့်ခန်းများကို အလေးဖြင့် ပြုလုပ်မည်ဆိုပါက အဆီများ၍ ဝဖိုင့်ဖိုင့်ဖြစ်နေသော ခန္ဓာကိုယ်အတွက် စာမျက်နှာ ၇ သို့ ❂

> ❝ ကျန်းမာပျော်ရွှင်သောသူများဖြစ်စေရေးအတွက် သက်ရှိလူသားတိုင်း အားကစားနှင့် ကင်းကွာသောနေ့များမရှိစေရေး၊ အားကစားနည်းတစ်ခုခုကိုဖြစ်စေ၊ ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းတစ်ခုခုကိုဖြစ်စေ မပျက်မကွက် ဆောင်ရွက်သင့်ပါသည်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းများစွာရှိသည့်အနက် အရွယ်သုံးပါးစလုံး တစ်ဦးချင်းဖြစ်စေ၊ လူအများစုပေါင်း၍ဖြစ်စေ လိုက်ပါလုပ်ဆောင်နိုင်သည့် လုပ်ဆောင်ရန်လွယ်ကူသော လေ့ကျင့်ခန်းမှာ လမ်းလျှောက်ခြင်းပင်ဖြစ် ❞

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ရုပ်ပြောင်း၊ ရုပ်လွှဲ သို့မဟုတ် အငှားခန္ဓာ မြှောင်ကြတယ် (၁)

ဗျည်းအက္ခရာတစ်ခုသည် အခြားဗျည်းအက္ခရာတစ်ခုသို့ ပြောင်းတတ်သည်။ ထိုသို့ပြောင်းသည်မှာ အကြောင်းမဲ့ပြောင်းခြင်းမဟုတ် စနစ်တကျပြောင်းခြင်းဖြစ်သည်။ စနစ်တကျပြောင်းခြင်းဖြစ်၍ သိပ္ပံနည်းကျပြောင်းခြင်းဖြစ်သည်၊ သဘာဝကျကျပြောင်းခြင်းဖြစ်သည်ဟု ဆိုရမည်။ (ဗျည်းသာမက သရလည်းတစ်ခုမှ တစ်ခုသို့ ပြောင်းတတ်သည်ပင်ဖြစ်သည်။) ဗျည်းတစ်ခုသည် အခြားဗျည်းတစ်ခုသို့ပြောင်းရာတွင် မာယာပရိယာယ်များပြီး အပြောင်းအလွဲ ညင်သာသိမ်မွေ့သဖြင့် မည်သို့မည်ပုံပြောင်းသွားသည်ကိုပင် ရုတ်တရက် မသိလိုက်မမြင်လိုက်ရဘဲ ဖြစ်တတ်သည်။ မျက်ခြည်ပြတ်သွားတတ်သည်။ ဤသို့ဖြင့် အတုအယောင်သည် အစစ်သဖွယ် ဖြစ်သွားရသည်။ ရုပ်ပြောင်း၊ ရုပ်လွှဲ သို့မဟုတ် အငှားခန္ဓာမြှောင်ခြင်းဟု ဆိုချင်ပါသည်။

### ရှုံ့ချည်နှပ်ချည် < ရှုံ့ချည်လုပ်ချည်

'ရှုံ့ချည်နှပ်ချည်' ဟူသော ဝေါဟာရသည် မြန်မာတို့နှုတ်ကျိုးပြီးဖြစ်သော ဝေါဟာရဖြစ်သည်။ အပြောလည်း တွင်ကျယ်သည်။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းတွင်လည်း တည်ပုဒ်အဖြစ်ပါဝင်ပြီး နိုင်ငံတော်က ပြဋ္ဌာန်းပြီးလည်းဖြစ်သည်။ မြန်မာအဘိဓာန်တွင်လည်း 'ရှုံ့ချည်နှပ်ချည်' ဟူသော ဝေါဟာရကို တည်ပုဒ်အဖြစ်ယူထားပြီး 'သဘောထားတည်ငြိမ်မှုမရှိဘဲ အပြောင်းအလဲမြန်ဆန်စွာ'ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ 'ခုရောင်းမည်ပြောပြီး ခဏကြာလျှင် မရောင်းဘူးပြော၊ ခုဝယ်မည်ပြောပြီး ခုမဝယ်တော့ဘူးပြော' စသည်ဖြင့် အပြောင်းအလဲမြန်ဆန်သည့်သဘောကို ဖော်ပြလိုသောအခါ သုံးကြသည်။

'ရှုံ့ချည် နှပ်ချည်' ဟူသောစကားတွင် 'ရှုံ့'၏ အနက်အဓိပ္ပာယ် 'နှပ်'၏ အနက်အဓိပ္ပာယ်ကိုသိရန် လိုအပ်ပေသည်။ 'ရှုံ့'၏အဓိပ္ပာယ်မှာ 'ပွင့်ကားရာမှ အတွင်းသို့ တွန့်ခေါက်ကျုံ့ဝင်အောင်ပြုသည်' ဟူ၍ဖြစ်သည်။ ထီးကိုရှုံ့သည်၊ အိတ်ကိုရှုံ့သည် စသည်ဖြင့် သုံးသည်။ ထီးကိုပိတ်သည်၊ အိတ်ကိုပိတ်သည်ဟုလည်း ပရိယာယ်ပြုနိုင်ပါသည်။ 'ရှုံ့' နှင့် 'ပိတ်' ကို ပရိယာယ်အဖြစ် ဖလှယ်သုံးနှုန်းနိုင်ပါသည်။

'နှပ်' ကို ထမင်းနှပ်သည်၊ ဖက်ဆေးရွက် စသည်နှပ်သည်၊ တစ်ဦးတစ်ယောက်ကို 'လိမ်သည်၊ ညာသည်၊ နှပ်သည်' စသည်တို့တွင် သုံးသည်။ ထိုအသုံးများမှ 'နှပ်' ၏အဓိပ္ပာယ်နှင့် ရှုံ့ချည်နှပ်ချည်မှ 'နှပ်' ၏ အဓိပ္ပာယ်တို့ မည်သို့မျှမဆက်စပ်ပါ။ ဤသို့ဆိုလျှင် ရှုံ့ချည်နှပ်ချည်မှ 'နှပ်' သည် မည်သည့်အဓိပ္ပာယ်ရှိသနည်း။

အမှန်စင်စစ် 'နှပ်' ၏ အဓိပ္ပာယ်ကို ဖော်ရန် မခက်လှပါ။ 'ဖော်နည်း' ကိုသိလျှင် မခက်လှပါ။ 'နှပ်' သည် 'လှပ်' ၏ ရုပ်ပြောင်းရုပ်လွှဲ စကားလုံးဖြစ်ကြောင်းသိလျှင် 'နှပ်' ၏ အဓိပ္ပာယ်ကို ဖော်ပြီးဖြစ်ပါသည်။ တစ်နည်းဆိုသော် 'လ'သည် 'န' ၌ အငှားခန္ဓာမြှောင်ထားခြင်းဖြစ်ကြောင်း သိလျှင် 'နှပ်'၏ အဓိပ္ပာယ်ထင်ရှားပြီး ဖြစ်ပါလိမ့်မည်။

'လှပ်'၏အဓိပ္ပာယ်မှာ 'ပွင့်စေသည်၊ ဖွင့်သည်' ဟူ၍ဖြစ်သည်။ ထို့ကြောင့် 'ရှုံ့ချည်နှပ်ချည်'ကို 'ရှုံ့ချည်လှပ်ချည်'ဟု ပြောင်းလဲလိုက်ပါက ထိုဝေါဟာရ၏အဓိပ္ပာယ်ကို ထင်ရှားသိမြင်လာမည် ဖြစ်ပါသည်။ 'ရှုံ့ချည်လှပ်ချည်' ဟုဆိုလျှင် 'ပိတ်ချည်ဖွင့်ချည်'၊ 'ပိတ်လိုက်ဖွင့်လိုက်' ဟူသော အဓိပ္ပာယ် ထွက်ပေါ်လာပါသည်။ 'ပြတင်း၊ တံခါး၊ ထီး၊ အိတ်' စသည်ကို 'ပိတ်ချည်ဖွင့်ချည်' ပြုခြင်းသည် 'သဘောထားတည်ငြိမ်မှုမရှိဘဲ၊ စိတ်တည်ငြိမ်မှုမရှိဘဲ အပြောင်းအလဲမြန်ဆန်ခြင်း' ကိုပင် ပေါ်လွင်စေပါသည်။ ထိုဥပစာအနက်၊ တင်စားအနက်ကိုပင်ယူ၍ အပြောင်းအလဲမြန်သည့် အဓိပ္ပာယ်ကို ပေါ်လွင်အောင် ရှုံ့ချည်လှပ်ချည်> ရှုံ့ချည်နှပ်ချည်ဟု ပြောင်းလဲပြောဆိုရေးသားကြခြင်းဖြစ်ပါသည်။

'လှပ်' မှ 'နှပ်' သို့ပြောင်းခြင်းသည် 'လှ' မှ 'နှ' သို့ ပြောင်းခြင်း၊ 'လ' မှ 'န' သို့ပြောင်းခြင်း ဖြစ်သည်။ 'လ' သည် သွားရင်းလျှာဘေးပွင့်သံ၊ 'န' သည် သွားရင်းနှာသံဖြစ်သည်။ အသံဖြစ်ရာ ဌာန်တူသော်လည်း အသံဖြစ်ဟန်မတူပါ။ အသံဖြစ်ရာ ဌာန်တူသဖြင့် အသံဖြစ်ဟန်အခက်ဗျည်းမှ အသံဖြစ်ဟန်အလွယ်ဗျည်းသို့ ပြောင်းလဲရွတ်ဆိုရေးသားခြင်း ဖြစ်ပါသတည်း။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ**

# ဒုတိယဝန်ကြီး ဦးလွင်ဦး ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ကုလသမဂ္ဂ လူသားချင်းစာနာမှု ဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Sajjad Mohammad Sajid အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှု ဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) တို့အကြား လတ်တလောပူးပေါင်း ဆောင်ရွက်နေမှုများနှင့် ဆက်လက် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

# သာယာဝတီမြို့နယ်၌ သင့်တင့်မျှတသော ရည်ညွှန်းဈေးဖြင့် ဆန်များ ရောင်းချပေးလျက်ရှိ

**သာယာဝတီ ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိသော စားသုံးသူများအတွက် သင့်တင့်မျှတသောရည်ညွှန်းဈေးဖြင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြို့နယ်ဆန်စက် လုပ်ငန်းရှင်များက ဇွန် ၂၅ ရက် နံနက်ပိုင်းမှစ၍ ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ရောင်းချပေးမှုကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စပါးထုတ်လုပ်သူများအသင်းနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ ရောင်းချပေးသည်။

ယနေ့တွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းချမည်ဖြစ်ရာ ရောင်းချမှုကို နေ့စဉ်နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ စားသုံးသူများထံ လွတ်လပ်စွာ ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါ ရောင်းချရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြောင်းမြမြို့၌ သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပ

**မြောင်းမြ ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းငြိမ်းက သန်းခေါင်စာရင်းကောက်ယူရခြင်းရည်ရွယ်ချက်၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇေယျာ (ပြန်/ဆက်)**

# သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

❖ ပွင့်ဖြူမြို့နယ်မှ

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံးဧက ၁၀၂၀ စိုက်ပျိုးရန်လျာထားပြီး မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ငှက်ပျောစိုက်ဧက ၁၀၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်လျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖီးကြမ်းငှက်ပျောအပြင် ရခိုင်ငှက်ပျော၊ ငှက်ပျောချဉ်၊ သီးမွှေးငှက်ပျော စတဲ့ငှက်ပျောသီးနှံများကိုလည်း စိုက်ပျိုးကြပါတယ်။ ငှက်ပျောသီးနှံဟာ စနစ်တကျစိုက်ပျိုးမယ်ဆိုရင် နှစ်သီးစားဝင်ငွေရရှိတဲ့ သီးနှံဖြစ်လို့ တောင်သူတွေ စိုက်ပျိုးလုပ်ကိုင်သင့်တဲ့ သီးနှံဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် ညောင်ပင်စောက်ကျေးရွာမှ ငှက်ပျောသီးနှံစိုက်ပျိုးတောင်သူ ဦးကျော်ဆန်းက ပြောသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

❂ စာမျက်နှာ ၆ မှ

"အလေး"ကို ပေါ့ပေါ့ထည့်၍ "အကြိမ်" များများ လေ့ကျင့်ရန်၊ အဆီနည်း၍ ခပ်ပါးပါးလျားလျားဖြစ်နေသော ခန္ဓာကိုယ်အတွက် "အလေး"ကို ခပ်လေးလေးထည့်၍ "အကြိမ်"အရေအတွက် အနည်းငယ်စီဖြင့် အကြိမ်ကြိမ်ပြုလုပ်ရန် လိုအပ်ပြီး လေ့ကျင့်ခန်းမပြုလုပ်မီ အစားအစာကို "အဝစားသုံးခြင်း"မျိုးကို ရှောင်ကြဉ်၍ နှစ်နာရီခန့် ကြိုတင်ပြီး အဆာပြေစားသုံးခြင်းမျိုးသာ ပြုလုပ်သင့်ပါသည်။

### လမ်းလျှောက်ခြင်းဖြင့် ကုစားနိုင်ခြင်း

ယနေ့သိပ္ပံခေတ် ဆေးပညာလောကတွင် ရောဂါကုထုံးအတော်များများကို လမ်းလျှောက်ခြင်းဖြင့် ကုစားနိုင်သည်ကို တွေ့ရှိရသည့်အတွက် ကမ္ဘာကျော် (Reader Digest) မဂ္ဂဇင်းတွင် လမ်းလျှောက်ခြင်းကို အားကစားရုံ၊ အားကစားခန်းမ မလိုသောလေ့ကျင့်ခန်း၊ ဆေးဝါးမလိုသော ဆရာဝန်ညွှန်ကြားချက်ဆေးညွှန်း၊ အစားလျှော့စားရန်မလိုသော ကိုယ်အလေးချိန်လျှော့နည်း၊ ငွေကြေးမကုန်သော ခန္ဓာကိုယ်အလှပြုပြင်နိုင်သည့်ကိရိယာ၊ ဆရာဝန်မလိုသော ဆေးဝါးမလိုသည့်စိတ်ပျိုကိုယ်နုဆေး၊ ငွေကြေးမကုန်သော အားလပ်ရက်ခရီးထွက်ခြင်းမျိုးဟူ၍ ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

### နေ့စဉ်လမ်းလျှောက်ကြပါစို့

အားကစားလုပ်ရန် သီးခြားအချိန်မပေးနိုင်သူများအတွက် လမ်းလျှောက်ခြင်းသည် အချိန်မကုန်၊ လူမပင်ပန်း၊ ငွေကြေးကုန်ကျမှုမရှိသည့် အကောင်းဆုံးသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်ခုဖြစ်ပါသည်။ လမ်းလျှောက်ခြင်းဖြင့် မိမိကိုယ်ကို ကျန်းမာအောင် နေထိုင်ပြုမူရန် လိုအပ်ပါသည်။ သို့မှသာ မိမိတာဝန်၊ မိသားစုတာဝန်၊ အဖွဲ့အစည်းတာဝန်မှအစပြု၍ နိုင်ငံနှင့် လူမျိုးအကျိုး သယ်ပိုးထမ်းရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ယနေ့အချိန်မှစ၍ အသက်အရွယ်ကြီးရင့်သည်အထိ ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းစေရန်အတွက် နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် အားကစားနှင့် ကင်းကွာသောနေ့မရှိစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဒုတိယနေ့စာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၂၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဒုတိယနေ့ စာတမ်းဖတ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်ဒေါက်တာ ညွန့်ဖေ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များ၏ သုတေသနပြကွက်များနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ ပြကွက်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲများသို့ သွားရောက် ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က စာတမ်းနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးပြောကြားကြသည်။




မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဒုတိယနေ့ စာတမ်းဖတ်ပွဲနှင့် ပြခန်းများကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖနှင့် ဒေါက်တာအောင်ဇေယျတို့သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ၂၀၂၄ ၏ ဒုတိယနေ့ စာတမ်းဖတ်ပွဲများသို့ လှည့်လည်ကြည့်ရှုအားပေးကြပြီး စာတမ်းများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးပြောကြားခဲ့ကြသည်။

ဒုတိယနေ့ဆွေးနွေးပွဲကို အခန်းခြောက်ခန်းတွင် အုပ်စုခြောက်စုခွဲ၍ ခေါင်းစဉ်ကြီးခြောက်ခုဖြင့် ကျင်းပကြရာ တစ်အုပ်စုလျှင် စာတမ်းရှင်များက စာတမ်းခြောက်စောင် ဖတ်ကြားကြပြီး တက်ရောက် လာကြသူများက ဆွေးနွေးကြသည်။

Parallel Session-1 **အခြေခံပညာကဏ္ဍတွင် "တိုင်းချစ်ပြည်ချစ်စိတ်ရှိသော လူငယ်များ ပေါ်ထွက်လာစေရေး"** ခေါင်းစဉ်ဖြင့် ကျင်းပရာ သဘာပတိအဖြစ် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၊ အခြေခံပညာဦးစီးဌာန တွဲဖက်သဘာပတိအဖြစ် ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း၊ အနုပညာဦးစီးဌာန ဗိုလ်မှူးချုပ်စိုးသန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာနတို့က ဆောင်ရွက်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်နည်းပညာတက္ကသိုလ် ကထိက ဒုတိယဗိုလ်မှူးကြီး ရှုအောင်ဝင်းက **"နိုင်ငံ့အနာဂတ်လုပဖို့ လူငယ်များ၏ တိုင်းပြည်ချစ်စိတ်ကို စနစ်တကျပြုစုပျိုးထောင်ကြပါစို့"** စာတမ်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလဲ့လဲ့အောင်က **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံပညာ၏ အခန်းကဏ္ဍ"** စာတမ်း၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်လတ်ထွန်းက **"တိုင်းချစ်ပြည်ချစ်စိတ် ရှိသော လူငယ်လူရွယ်များ ပေါ်ထွက်လာရေးအတွက် အခြေခံပညာသင်ရိုးတွင် အထောက်အကူပြုသင်ခန်းစာများ ထည့်သွင်းထားမှုကို ဆန်းစစ်လေ့လာခြင်း"** စာတမ်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုဝင်းက **"ကျောင်းသား လူငယ်များအား နိုင်ငံတော်ကို ချစ်မြတ်နိုး၍ တန်ဖိုးထားမှုများ ပိုမိုမြင့်မားလာစေရန် ကျောင်းနေအရွယ်မှစ၍ လေ့ကျင့်ပျိုးထောင်ပေးခြင်း"** စာတမ်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာသန်းက **"စာဖတ်ခြင်းမှသည် ကျောင်းသားလူငယ်များ အသိဉာဏ်အတွေးအခေါ်မြင့်မား၍ မျိုးချစ်စိတ်ဓာတ်ရှင်သန်လာစေရန် ကျောင်းစာကြည့်တိုက်ကဏ္ဍ အားကောင်းလာစေရေး"** စာတမ်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာအဲမွန်ထွန်းက **"ကျန်းမာရေးအဆင့်မြင့်ကျောင်းများ တည်ထောင်ခြင်းဖြင့် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ်ရှိသော လူငယ်များပေါ်ထွက်လာစေရန် အထောက်အကူဖြစ်စေခြင်း"** စာတမ်းတို့ကိုဖတ်ကြားကြပြီး တက်ရောက်လာသူများက ဆွေးနွေးကြသည်။

အလားတူ Parallel Session-2 အဆင့်မြင့်ပညာ ကဏ္ဍတွင် **"အရည်အသွေးပြည့်ဝသော ပညာတတ်များ မွေးထုတ်ရေး"** ခေါင်းစဉ်ဖြင့်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ တွဲဖက်သဘာပတိအဖြစ် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ပါမောက္ခ(ဌာနမှူး) ဒေါက်တာနိုင်နိုင်အောင်တို့က ဆောင်ရွက်ကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကထိက(ဌာနမှူး) ဒေါက်တာဌေးကြွယ်က **"လက်တွေ့အသုံးချနယ်ပယ်တွင် အရေးပါမည့် ပညာရှင်များ မွေးထုတ်ရေး"** စာတမ်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) သမိုင်းဌာန ပါမောက္ခ ဒေါက်တာမြတ်ရည်ဟန်က **"ပြည်ထောင်စုစိတ်ဓာတ်နှင့် အရည်အသွေးပြည့်ဝသော ပညာတတ် တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးရေး"** စာတမ်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း) ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့်က **"သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေးအတွက် အရည်အသွေးပြည့်ဝသော ပညာရှင်များ မွေးထုတ်ရေး"** စာတမ်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာချိုချိုက **"သင်ကြားသင်ယူမှု အရည်အသွေးမြှင့်တင်ရေး"** စာတမ်း၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလှမျိုးထွန်းက **"အဆင့်မြင့်ပညာကဏ္ဍ၏ အရည်အသွေးစီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်မြှင့်တင်ရေး"** စာတမ်း၊ ဆေးတက္ကသိုလ် (တောင်ကြီး)၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာအောင်ကျော်သူက **"နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းဖြင့် အရည်အသွေးပြည့်ဝသော ပညာရှင်များမွေးထုတ်ရေး"** စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာသူများက ဆွေးနွေးကြသည်။

Parallel Session-3 သက်မွေးပညာကဏ္ဍတွင် **"ထုတ်လုပ်မှုကို အားပေးသော သက်မွေးပညာ တိုးတက်ရေး"** ခေါင်းစဉ်ဖြင့် ကျင်းပရာ သဘာပတိအဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်၊ တွဲဖက်သဘာပတိအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆေးဘောမ်နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီတို့က ဆောင်ရွက်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ်(သင်ကြားရေး) ဒေါ်အေးစန္ဒာအောင်က **"မြန်မာ့ယဉ်ကျေးမှုအနုပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနုပညာသင်ကျောင်းများ၏ အခန်းကဏ္ဍ"** စာတမ်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၊ ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာလှမိုးခိုင်က **"စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန် ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ သက်မွေးပညာ သင်ယူခြင်းဖြင့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်စို့"** စာတမ်း၊ သမဝါယမကောလိပ် (မန္တလေး) ကထိက ဒေါ်မိုးမိုးကြည်က **"မိရိုးဖလာ သက်မွေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး"** စာတမ်း၊ စက်မှုဝန်ကြီးဌာန အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ် ဒေါ်လှိုင်လှိုင်သာက **"ထုတ်လုပ်မှုကို အားပေးသော သက်မွေးပညာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဖော်ထုတ်ရေး"** စာတမ်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာနေဇာအောင်က **"Industry 4.0 ဖြင့် ထုတ်လုပ်မှု တိုးမြှင့်ရေး နည်းပညာများအတွက် နည်းပညာနှင့် သက်မွေးပညာကဏ္ဍ၏ အရေးပါမှု"** စာတမ်း၊ ဂျပန်-မြန်မာ အောင်ဆန်း သက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာရန်နိုင်ထွန်းက "သက်မွေးပညာကျောင်းများ၏ အရည်အသွေးစီမံခန့်ခွဲမှု" စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

Parallel Session-4 ဆရာအတတ်ပညာကဏ္ဍတွင် **"ဆရာ ဆရာမများ၏ အရည်အသွေး စဉ်ဆက်မပြတ် မြှင့်တင်ရေး"** ခေါင်းစဉ်ဖြင့် ကျင်းပကြရာ သဘာပတိအဖြစ် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ တွဲဖက်သဘာပတိအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခ ဒေါက်တာဆောင်ဆွမ့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြတိုက်များ) ဦးဝင်းကြိုင်တို့က ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါက်တာစန္ဒာနိုင်က **"ဆရာ ဆရာမအရည်အသွေး နိုင်ငံတကာအဆင့်မီစေရေး"** စာတမ်း၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်

**စာမျက်နှာ ၉ သို့**

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)သို့ သွားရောက်လေ့လာ



နေပြည်တော် ဇွန် ၂၆

ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တွင် ရောက်ရှိလေ့လာနေကြသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ (အမရပူရ)တို့မှ နည်းပြဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး လေ့လာရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ကျောင်းသား ကျောင်းသူအချင်းချင်း အပြန်အလှန်ရင်းနှီးချစ်ကြည်စွာ ဆက်သွယ်နိုင်ရေးအတွက် Address Book များကိုလည်းကောင်း ပေးအပ်ကြရာ ယွန်းပညာကောလိပ်(ပုဂံ)နှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့မှ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်၊ တာဝန်ရှိသူများနှင့်အတူ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပလျက်ရှိသော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)သို့ သွားရောက်ပြီး ဝန်ကြီးဌာနအလိုက် ခင်းကျင်းပြသထားသော ပြခန်းများကိုလည်းကောင်း၊ Section-3 တွင်ပြုလုပ်သော သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီနှင့် ပါမောက္ခ ဒေါက်တာချောအိအိထွန်းတို့၏ တီထွင်ဆန်းသစ်မှုသို့ ဦးတည်သောသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် စာတမ်းဖတ်ပွဲကိုလည်းကောင်း၊ Section-5 တွင်ပြုလုပ်သော သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)မှ ပါမောက္ခ ဒေါက်တာသီဂီညို၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးအာမခံမှုရှိသော ပညာရေးစနစ် ဖြစ်ထွန်းလာရေးခေါင်းစဉ်ဖြင့် ကျင်းပသည့် စာတမ်းဖတ်ပွဲကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါလေ့လာရေးအဖွဲ့သည် လေ့လာရေးခရီးစဉ်ပြီးဆုံးပြီဖြစ်၍ မိမိတို့၏ ကောလိပ်နှင့် သိပ္ပံများသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိသည်။

**သတင်းစဉ်**

# သာပေါင်းမြို့၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေး



သာပေါင်း ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်း ငါးရစ်ငါးသန်ကာလ တရားမဝင်ငါးဖမ်းဆီးမှုမရှိစေရေး၊ ငါးသယံဇာတပေါများစေရေး၊ စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရေး၊ ပြည်သူများငါးရိက္ခာဖူလုံစေရေး၊ ဒေသနေပြည်သူများ အသိပညာတိုးပွားစေရေးနှင့် သားစဉ်မြေးဆက် ငါးစားသုံးနိုင်ရေးရည်ရွယ်၍ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းကို ယမန်နေ့ နံနက် ၇ နာရီက သာပေါင်းမြို့ အမှတ်(၂)ရပ်ကွက် ကမ်းနားလမ်း လွတ်လပ်ရေးပန်းခြံတွင် စိုက်ထူခဲ့သည်။

အဆိုပါအခမ်းအနားသို့ သာပေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမှူးလှဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သာပေါင်းမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးမျိုးသိမ်းနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး သာပေါင်းမြို့ သီရိရွှေသာဈေးအတွင်း၌ ဈေးဝယ်လာသူများနှင့် ဈေးသည်များအား ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၈ မှ

(စစ်ကိုင်း)၊ ပညာရေးသဘောတရားဌာန ပါမောက္ခ(ဌာနမှူး) ဦးဇမ်ရှင်းခိုင်က **"နယ်စပ်ဒေသများရှိ ဆရာ ဆရာမများ၏အရည်အသွေး စဉ်ဆက်မပြတ်မြှင့်တင်ရေး"** စာတမ်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)၊ ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက **"ပြတိုက်ပညာပေးရေး အခန်းကဏ္ဍနှင့် ဆရာများ၏ အရည်အသွေး မြှင့်တင်ရေး"** စာတမ်း၊ ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အေးဖြူဇင်က**"လုပ်ငန်းခွင်အတွင်းရှိ ဆရာ ဆရာမများ၏ အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်စေရေး"** စာတမ်း၊ တောင်ကြီး ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နှင်းကြူဦးက **"ပညာရေးဒီဂရီကောလိပ်များတွင် အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ မွေးထုတ်ရေး"** စာတမ်း၊ လားရှိုး ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာလွင်လွင်စန်းက **"ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်(TCSF)ဖြင့် အကောင်အထည်ဖော်မှုကို လေ့လာခြင်း"** စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက် လာကြသူများက ဆွေးနွေးကြသည်။

Parallel Session 5 သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍတွင် **"သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်ရေး"** ခေါင်းစဉ်ဖြင့် ကျင်းပရာ သဘာပတိအဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်း၊ တွဲဖက်သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလတ်လတ်ထွန်းတို့က ဆောင်ရွက်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာန စစ်တက္ကသိုလ်ကထိက ဒုတိယဗိုလ်မှူးကြီး သန်းနိုင်စိုးက **"Academy of Science များ ထူထောင်ပြီး သက်ဆိုင်ရာ သိပ္ပံဘာသာရပ်များအလိုက် သုတေသနများ လုပ်ဆောင်စေခြင်းဖြင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုများ ဖွံ့ဖြိုးတိုးတက်စေခြင်း"** စာတမ်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနအရာရှိ ဒေါက်တာ အောင်ကျော်သူက **"ဆန်းသစ်တီထွင်မှု ရှိသော စိုက်ပျိုးမွေးမြူရေး သုတေသနရလဒ်များအပေါ် အခြေခံပြီး ဘက်စုံ ပေါင်းစပ်ဆောင်ရွက်ခြင်း"** စာတမ်း၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)၊ စာရင်းအင်းပညာဌာန ပါမောက္ခ ဒေါက်တာ ချောအိအိထွန်းက **"တီထွင်ဆန်းသစ်မှုသို့ ဦးတည်သော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး"** စာတမ်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက **"နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနနှင့် တီထွင်ဆန်းသစ်မှု အခန်းကဏ္ဍ"** စာတမ်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်သိန်းက **"မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုကိုအားကောင်းလာစေခြင်း"**စာတမ်း၊ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး (သုတေသန) ဒေါ်ဝါဝါအောင်က **"အခြေခံသုတေသနနှင့် အသုံးချသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး"** စာတမ်းတို့ကို ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

Parallel Session 6 အရည်အသွေးအာမခံမှု ကဏ္ဍတွင် **"အရည်အသွေး အာမခံမှုရှိသော ပညာရေးစနစ် ပိုမိုအားကောင်းလာစေရေး"** ခေါင်းစဉ်ဖြင့် ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်၊ တွဲဖက်သဘာပတိများ အဖြစ် ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)၊ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းတို့က ဆောင်ရွက်ကြပြီး မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ညွှန်ကြားရေးမှူး ဒေါက်တာလှိုင်မင်းဦးက **"အရည်အသွေး အာမခံချက်ရှိသော စိုက်ပျိုးရေးပညာရှင်များနှင့် မွေးမြူဆေးကုပညာရှင်များ ပေါ်ထွက်လာစေရေး"** စာတမ်း၊ ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီနီအောင်က **"အဆင့်မြင့်ပညာရေးတွင် အရည်အသွေး အာမခံစနစ်များကို ခိုင်ခံ့မြဲမြံစေရန်ဆောင်ရွက်ရေး"** စာတမ်း၊ Naypyitaw State Academy၊ အင်္ဂလိပ်စာဌာန ပါမောက္ခ (ဌာနမှူး)ဒေါက်တာသီရိအောင်က **"အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများ၏ အရည်အသွေးအာမခံချက်အပေါ် နိုင်ငံတကာအသိအမှတ်ပြုမှုရရှိရေး"** စာတမ်း၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခ(ဌာနမှူး) ဒေါက်တာ သင်းသင်းယုက **"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးအာမခံမှုရှိသော ပညာရေးစနစ် ဖြစ်ထွန်းလာစေရေး"** စာတမ်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် (မှော်ဘီ) ပါမောက္ခချုပ် ဒေါက်တာ ကေသီလွင်က **"အရည်အသွေး အာမခံမှုစနစ်၏ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရေး နည်းလမ်းများ"**စာတမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာကျော်စိုးညွန့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာပိုင်သစ္စာတို့က **"အရည်အသွေးအာမခံမှုရှိသော သင်ကြားသင်ယူမှု စနစ်ကို ဆန်းစစ် အကဲဖြတ်ခံနိုင်ရေး"** စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက် လာသူများက ဆွေးနွေးအကြံပြုကြကာ Plenary Session အတွက် အုပ်စုအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး" ဦးတည်ချက်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဒုတိယနေ့ စာတမ်းဖတ်ပွဲများနှင့် ပြခန်းများကို သူနာပြုကျောင်းသူများ၊ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြခန်းများတွင်ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များ၏ လက်တွေ့ သုတေသနပြကွက်များ၊ သုတေသနလုပ်ငန်းစဉ် ပိုစတာပြကွက်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြခန်းများဖြစ်သည့် ရေကြောင်းပညာရပ်၊ ဆိပ်ကမ်းအင်ဂျင်နီယာပညာနှင့် မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာ ပညာများအတွက် အသုံးချနိုင်သည့် ရေလှိုင်းတုထုတ်ပုံစံငယ်ပြကွက်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်ဒီဂရီကောလိပ်များရှိကျောင်းသားကျောင်းသူများ တီထွင်ဖန်တီးထားသည့် Solar Light Trucker ပြကွက်များ၊ 3D LED Cube ပြကွက်များနှင့်သုတေသနစာတမ်းများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်းများရှိ ကင်ဆာရောဂါကို AI (ဉာဏ်ရည်တု) အသုံးပြု၍ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းတို့တွင် အသုံးချခြင်းပြကွက်၊ AI နည်းပညာသုံး၍ ကျန်းမာရေးဆိုင်ရာ ပညာရပ်များ သင်ကြားခြင်းပြကွက်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်းရှိ အာကာသသိပ္ပံနှင့် နည်းပညာဆိုင်ရာ သိမှတ်ဖွယ်ရာ ပြကွက်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြခန်းတွင် ဉာဏ်စမ်းပဟေဠိများ ပါဝင်သည့် ပြကွက်များကို ခင်းကျင်းပြသထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ပဲခူး ဇွန် ၂၆

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ဖတ်ကြား**

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်က ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာအား ဖတ်ကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုဆင့်အလွတ်တန်း ကွန်ပျူတာပိုစတာနှင့် အလွတ်တန်းကဗျာပြိုင်ပွဲတွင် ဆုရရှိခဲ့သူများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ၊ ဝန်ကြီးချုပ်၏ဇနီးက ဗဟိုအဆင့်အလွတ်တန်းနှင့် အထက်တန်းဆောင်းပါး၊ ဆောင်ပုဒ်၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဆုရရှိသူများအား ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုငွေများနှင့် အကဲဖြတ်ဒိုင်များအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဟသ်ာတ၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဟသ်ာတ ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါနေရာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သန္တာဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်စန္ဒာဆွေက ပြိုင်ပွဲများကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဟသ်ာတမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဆန်းဝင်းနှင့် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောပေးခဲ့ကြပြီး ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ထက်၊ လယ်၊ မူ အဆင့်စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပ

ကျိုင်းတုံ ဇွန် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၈ နာရီခွဲက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်နိုင်စိုးက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သောသဝဏ်လွှာကို ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီးအေးသိန်းက ဖတ်ကြားကာ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ပေးပို့သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်း Video Clip ကို ပြသသည်။



**ပေးအပ်ချီးမြှင့်**

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်နိုင်စိုးနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တက္ကသိုလ်အဆင့်နှင့် အခြေခံပညာပြည်နယ်၊ ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများအား အမှတ်(၇) မူးယစ်တပ်ဖွဲ့ခွဲ (ကျိုင်းတုံ) ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမှတ်(၁၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ကျိုင်းတုံ)နှင့် ပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)တို့က မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များပြသခြင်းနှင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၆

နေပြည်တော်တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မိုး/ဇလ**

# တာချီလိတ်မြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

တာချီလိတ် ဇွန် ၂၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက အောင်မြတ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကိုပြသကာ တာချီလိတ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုက အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံမှ ပေးပို့သော သဝဏ်လွှာအား ခရိုင်ဒုတိယဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ချမ်းမြေ့ဝင်းက ဖတ်ကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ရရှိလာသည့် ဆိုးကျိုးများနှင့် မူးယစ်ဆေးစွဲရောဂါအကြောင်းကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်ကလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြစ်မှုပြစ်ဒဏ်များကို ခရိုင်တရားသူကြီး ဦးစံမြင့်ကလည်းကောင်း အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၃၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကဗျာပြိုင်ပွဲများတွင် ခရိုင်အဆင့်နှင့် ဗဟိုအဆင့် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သူရဇော်လွင်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်သည်။



ယင်းနောက် အခမ်းအနား တက်ရောက် လာကြသူများက မူးယစ်ဆေးဝါး ပပျောက်ရေး လှုပ်ရှားမှု အသိပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူးယစ်တပ်ဖွဲ့စု ၃၀ နှင့် ယာဉ်ထိန်းတပ်ဖွဲ့စု ၁၂၁ မှ ဝန်ထမ်းများက မူးယစ်ဆေးဝါး အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

# မောင်တောမြို့နယ်ရှိ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP ၏ ဂိုဒေါင်အား မီးရှို့ဖျက်ဆီးခံရမှုဖြစ်စဉ်အမှန်၊ AA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၏ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ဒီနေ့မှာတော့ မီဒီယာတွေ မေးမြန်းနေကြတဲ့ မောင်တောမြို့နယ် မောင်တော–ဘူးသီးတောင် သွားကားလမ်းရဲ့ တောင်ဘက်မှာ ရှိတဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP ရဲ့ ဂိုဒေါင်ကို တပ်မတော်နဲ့ ဘင်္ဂါလီတွေက ဖျက်ဆီးခဲ့တယ်၊ လုယက်တယ်ဆိုတဲ့ ဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ ဖြစ်စဉ်အမှန်ကို ရှင်းလင်းပြောကြားလိုပါတယ်။ အဲဒီမှာ အဲဒီနယ်မြေဒေသရဲ့ အခြေအနေ အကြမ်းဖျင်းအနေနဲ့ကတော့ မောင်တော–ဘူးသီးတောင်သွား ကားလမ်းရဲ့ တောင်ဘက်မှာ ရှိပြီးတော့ အဲဒီနေရာမှာ အရင်တုန်းကတော့ UNHCR၊ WFP စတဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းတွေရဲ့ ရုံးတွေဂိုဒေါင်တွေရှိပါတယ်။ ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေ ပြင်းထန်လာပြီး နောက်ပိုင်းမှာ မေလကတည်းက အဲဒီနေရာမှာ ရုံးထိုင်တဲ့ လူတွေ မရှိတော့ဘဲနဲ့ နယ်မြေခံဘင်္ဂါလီ အစောင့်တွေလောက်သာထားခဲ့နိုင်ပြီးတော့ ပြန်သွားတဲ့ နေရာတွေဖြစ်ပါတယ်။ ဒီနေရာတွေနဲ့ ပတ်သက်ပြီးလည်း ဒီလုံခြုံရေး တပ်ဖွဲ့ဝင်တွေ၊ တပ်မတော်အနေနဲ့ ကလည်း ဒီနေရာတွေအထိ ဝင်ရောက်ခြင်း မရှိသေးဘဲနဲ့ ဘေးကနေပဲ လုံခြုံရေးဆောင်ရွက်ပေးနေတဲ့ အနေအထားဖြစ်ပါတယ်။ ဒီဇွန် ၂၁ ရက်မှာတော့ မောင်တောမှာ ရှိတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းလုံခြုံရေးအဖွဲ့က ဒီနေရာတွေကို ကင်းလှည့်ရပါတယ်။ ကင်းလှည့်ဆောင်ရွက်တဲ့ နေရာမှာ ဒီ WFP ရုံးတွေ၊ ဂိုဒေါင်တွေရဲ့ အရှေ့ဘက် ဝေသာလီ ကျေးရွာအရောက်မှာ စိမ့်ဝင်နေတဲ့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ တိုက်ပွဲဖြစ်ပွားချိန်မှာ AA အကြမ်းဖက်အဖွဲ့အနေနဲ့ Drone များကို အဓိကသုံးပြီးတော့ တိုက်ခိုက်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီမှာရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားနေပါတယ်။ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားနေတဲ့ အချိန်မှာပဲ AA အကြမ်းဖက်အဖွဲ့အနေနဲ့ အဲဒီ WFP ဂိုဒေါင်တွေကို ဝင်ရောက်ဖို့အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။

အဓိကကတော့ အဲဒီမှာရှိနေတဲ့ ပစ္စည်းတွေကို လုယက်ဖို့ပဲ ဖြစ်ပါတယ်။ သူတို့နဲ့အတူ ဒေသခံ AA ထောက်ခံအားပေးနေတဲ့ ရခိုင်တိုင်းရင်းသားအချို့လည်း ပါဝင်တယ်ဆိုတာကို ဒေသခံဘင်္ဂါလီတွေရဲ့ ပြောကြားချက်အရ ကျွန်တော်တို့ သိရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို ဒေသခံဘင်္ဂါလီရွာသားတွေအနေနဲ့ အဲဒီမှာရှိတဲ့ ပစ္စည်းတွေ AA လက်ထဲမရောက်ရှိစေရေးအတွက် အနီးအနားမှာ ရှိတဲ့ လုံခြုံတဲ့နေရာတွေကို ဇွန် ၂၁ ရက်နေ့ကတည်းက စတင်ရွှေ့ပြောင်းခဲ့တယ်ဆိုတာ သိရပါတယ်။ ဇွန် ၂၂ ရက်မှာတော့ ဘယ်လိုရွှေ့ပြောင်းတယ်ဆိုတာကို သိတဲ့အတွက် AA အနေနဲ့ Drone နဲ့ ကင်းထောက်ထောက်လှမ်းပြီး အဲဒီ WFPဂိုဒေါင်တွေကို Drone နဲ့ ဗုံးကြဲခဲ့တယ်ဆိုတာကို Drop Bomb များချ တိုက်ခိုက်ခဲ့တယ်ဆိုတာကို သိရှိရပါတယ်။ ဒါကြောင့် ဒီဂိုဒေါင်တွေ တချို့မီးလောင်ပျက်စီးခဲ့တယ်ဆိုတာလည်း တွေ့ရှိရပါတယ်။ သူတို့ထုတ်ပြန်ထားတဲ့ ပုံတွေမှာ ကြည့်ရင်ကို ဒီအချက်အလက်ကို သိသာနိုင်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ဂိုဒေါင်တွေဟာ ဂိုဒေါင်တွေနဲ့အဲဒီအနီးအနားမှာ ရှိနေတဲ့ ရုံးတွေမှာ UN ဆိုတဲ့ ကုလသမဂ္ဂ အမှတ်အသားကို ဂိုဒေါင်အမိုးတွေမှာ ထင်ထင်ရှားရှားရေးထားတာ၊ ရုံးတွေမှာ ထင်ထင်ရှားရှား ရေးထားတာ တွေ့ရပါတယ်။ သိလျက်နဲ့ လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်ခဲ့လို့လည်း ဂိုဒေါင်အမိုးတွေ Drop Bomb ဒဏ်ကြောင့် ပေါက်ပြဲပေါက်ကွဲပြီးတော့ မီးလောင်တာ ဖြစ်ပါတယ်။ ဒီဒေသခံတွေ သယ်ထုတ်ထားတဲ့ ဆန်အိတ်များကို ဒေသခံဘင်္ဂါလီများအနေနဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို လာရောက်သတင်းပို့ခဲ့တာရှိပါတယ်။ ဒါကြောင့် လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ ဇွန် ၂၂ ရက်မှာ မောင်တောမှာရှိတဲ့ ဒုက္ခသည်တွေကို ထောက်ပံ့ဖို့ ရည်ရွယ်ထားတဲ့ ဆန်အိတ်တွေဖြစ်တဲ့အတွက်ကြောင့် ရပ်ကွက် ၁၊ ၂၊ ၃၊ ၄၊ ကညင်တန်းရပ်ကွက်၊ မောင်နီရပ်ကွက် အဲဒီရပ်ကွက်တွေမှာရှိတဲ့ အိမ်ထောင်စု ၂၀၀၀ ကျော်ကို အိမ်ထောင်စုတစ်စုကို တစ်အိတ်စီနဲ့ ဆန်အိတ်တွေကို ဖြန့်ဝေပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ AA အနေနဲ့ ဘူးသီးတောင်မြို့နယ်အတွင်းမှာရှိတဲ့ ဘင်္ဂါလီတွေကိုလည်း နေအိမ်မှာ မနေနိုင်အောင် နှင်ထုတ်ပြီးဖြစ်ပါတယ်။ အလားတူပဲ မောင်တောကို တိုက်ခိုက်ဖို့ လုပ်ဆောင်နေတဲ့ အချိန်မှာပဲ ဒေသခံဘင်္ဂါလီများ၊ ဒုက္ခသည်များကို ထောက်ပံ့ဖို့ ရည်ရွယ်ထားတဲ့ ပစ္စည်းတွေကို လုယူရန် ကြံစည်ခြင်းဖြစ်ပြီး မအောင်မြင်တဲ့အခါမှာ ယခုလို ဂိုဒေါင်ကို Drop Bomb ချပြီး မီးရှို့ခြင်းဖြစ်တယ်လို့ ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ AA ရဲ့ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ငန်းတွေဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၄ ခုနှစ် မေလအထိ ရခိုင်ပြည်နယ်မှာ ပင်လယ်ရေကြောင်းလမ်းကိုအသုံးပြုပြီး မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ၄၆ မှု ရှိပါတယ်။ တရားခံ ၂၆၆ ဦး ဖမ်းမိခဲ့ပါတယ်။ အများစုကတော့ AA နဲ့ ပတ်သက် ဆက်နွှယ်နေတဲ့ အသိုင်းအဝိုင်းတွေပဲ ဖြစ်ပါတယ်။ စိတ်ကြွဆေး ၂၈ ဒသမ ၅ သန်း၊ အိုက်စ် ၄၁ တန်၊ ကက်တမင်း ၁ ဒသမ ၄ တန် ဖမ်းဆီးရမိခဲ့တာ ဖြစ်ပါတယ်။ AA အနေနဲ့ စတင်ထူထောင်လာကတည်းကတိုင် မူးယစ်ဆေးဝါးလုပ်ငန်းကို အစဉ်တစိုက်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဘာကြောင့် လုပ်ဆောင်ရသလဲဆိုတော့ ဒီမူးယစ်ဆေးဝါးနဲ့ပဲ ဒေသတွင်းမှာရှိတဲ့ ပြည်သူတွေ အကျင့်စာရိတ္တပျက်ပြားနေမှသာ AA သောင်းကျန်းသူအဖွဲ့တွင်းကို ဝင်ရောက်နိုင်ရေး ပိုမိုစည်းရုံးဖို့ လွယ်ကူမယ်၊ လွယ်လွယ်ကူကူ ရတဲ့ငွေနဲ့ လက်နက်၊ ခဲယမ်းတွေဝယ်နိုင်မယ်၊ တရားမဝင်ထောက်ပံ့မှုတွေ လုပ်နိုင်မယ်ဆိုတာကို ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်မှာ ဖမ်းဆီးရမိတဲ့ AA သောင်းကျန်းသူအဖွဲ့က ဒုတိယဗိုလ်မှူးကြီး အဆင့်ရှိတဲ့ အောင်မြတ်ကျော်ဆိုရင် ထွန်းမြတ်နိုင်ရဲ့ တာဝန်ပေးချက်အရ ၂၀၁၅ ခုနှစ်အတွင်းမှာ ပြင်ဦးလွင်ကနေ ရန်ကုန်၊ ဘားအံကနေ ရန်ကုန်ကို ၁၀ ကြိမ်လောက် လက်နက်၊ ခဲယမ်းတွေ၊ မူးယစ်ဆေးဝါးတွေကို ဆီသယ်ဆောင်တဲ့ကားတွေမှာ အံဝှက်တွေပြုလုပ်ပြီး သယ်ဆောင်ခဲ့တယ်ဆိုတာကို သူ့ကိုဖမ်းဆီးရမိပြီး အစစ်ခံတဲ့အထဲမှာ အစစ်ခံခဲ့ပါတယ်။ နိုင်ငံပိုင်သတင်းဌာနတွေ ရှေ့မှာလည်း သူ့ရဲ့ဝန်ခံချက်ကို ထုတ်လွှင့်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်တစ်ခုမှာဆိုရင် အိုက်စ်တို့၊ ကဖင်းတို့ ဖမ်းဆီးရမိတာတွေရှိတယ်။ အသုံးပြုတဲ့ ယာဉ်တွေ၊ စက်လှေတွေ ၊ ဂိုဒေါင်တွေကို ငှားရမ်းအသုံးပြုခဲ့တာ တွေ့ရပါတယ်။ AA သောင်းကျန်းသူအဖွဲ့ဝင်အများအပြား ကွန်ရက်ချိတ်ဆက် ဆောင်ရွက်နေတာကိုလည်း တွေ့ခဲ့ရပါတယ်။ ရခိုင်ပြည်နယ်ကိုပို့မယ့် ကဖင်းဖမ်းဆီးရမိမှု ဖြစ်စဉ်အရ AA သောင်းကျန်းသူတွေအနေနဲ့ အိုက်စ်တို့၊ ကဖင်းတို့ကို အသုံးပြုပြီးတော့ ရခိုင်ပြည်နယ်မှာပဲ စိတ်ကြွရူးသွပ်ဆေးပြားတွေ ပြောင်းလဲထုတ်လုပ်ဖို့ ကြိုးစားနေတာကို တွေ့ရပါတယ်။ ဖမ်းဆီးရမိတဲ့ ဆေးပြား အရေအတွက်တွေ၊ မူးယစ်ဆေးအရေအတွက်တွေကို ကြည့်ရင် ရခိုင်ပြည်နယ်မှာ ရှိနေတဲ့ လူဦးရေအားလုံး သုံးစွဲနိုင်တဲ့ ပမာဏထက် သာလွန်နေတာကို တွေ့ရပါတယ်။ ဒါတွေဟာဘာလဲဆိုတော့ အဓိကတော့ တစ်ဖက်နိုင်ငံကို အမြောက်အမြား ပို့ဆောင်ခဲ့တာတွေ၊ တစ်ဖက်နိုင်ငံမှာလည်း အမြောက်အမြား ဖမ်းမိတာတွေ၊ ရခိုင်ဒေသကို အခြေခံပြီး ပင်လယ်ပြင်ကနေ အခြားနိုင်ငံတွေကို ထွက်တာတွေကို ဆောင်ရွက်တာကို တွေ့ရပါတယ်။ ဒါကြောင့် AA ရဲ့ အကြမ်းဖက်လုပ်ရပ်တွေ၊ AA ရဲ့ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ရပ်တွေ၊ သယ်ဆောင်မှု လုပ်ရပ်တွေ၊ မူးယစ်ဆေးဝါးကို ရခိုင်ပြည်နယ်မှာပဲ ထုတ်လုပ်ဖို့ လုပ်နေတဲ့ လုပ်ရပ်တွေအားလုံးသည် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူလူထုကို ဖျက်ဆီးရုံသာမက ဒေသတွင်းမှာ မူးယစ်ဆေးဝါး ဖြန့်ဖြူးရေး၊ အကြမ်းဖက်လုပ်ငန်းစဉ်များ ပေါ်ပေါက်လာရေးကို ဦးတည်ဆောင်ရွက်နေတယ်ဆိုတာ တွေ့ရပါတယ်။ အားလုံးသတိရှိကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ အကြမ်းဖက်၊ မူးယစ်ဆေးဝါးကို ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းကို အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့ တိုက်တွန်းလိုပါတယ်။

ကျေးဇူးတင်ပါတယ်။



မောင်တော၊ ဝေသာလီ WFP ရိက္ခာဂိုဒေါင်အား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ Drop Bomb ချ တိုက်ခိုက်သဖြင့် ဒေသခံများမှ ဆန်အိတ်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည့် ဖြစ်စဉ်ပြပုံ။



မောင်တောမြို့ရှိ ဒေသခံပြည်သူအိမ်ထောင်စုဝင်များအား ဆန်အိတ်များပေးဝေနေမှုကို တွေ့မြင်ရစဉ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း လူသုံးကုန်ပစ္စည်းများ ရောက်ရှိလာမှုအား ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇွန် ၂၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို သင်္ဘောများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်းတွင် MV Royal Venus သင်္ဘောဖြင့် ရန်ကုန်မြို့မှ လူသုံးကုန်ပစ္စည်းများနှင့် တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိလာမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

MV Royal Venus သင်္ဘောတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကမှာယူသည့် ဆန်၊ စက်သုံးဆီနှင့် စားသောက်ကုန်များ၊ တည်ဆောက်ရေးသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၂၀၈၃ ဒသမ ၄၄ တန် တင်ဆောင်၍ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။



အဆိုပါပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြုကာ ကုန်တင်ကုန်ချပြုလုပ်နေမှုအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရောက်ရှိလာသော ကုန်ပစ္စည်းများအား စနစ်တကျ အတင်အချပြုလုပ်နိုင်ရေး၊ ကုန်ပစ္စည်းများပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး၊ သိုလှောင်ထိန်းသိမ်းရောင်းချခြင်း မပြုစေရေး၊ လိုအပ်မှုမရှိသော နေရာများသို့ မရောက်ရှိစေနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါဆိပ်ကမ်း၌ အမ်ဗွီ-ရဲထွန်းအောင်၊ အမ်ဗွီ-အောင်ရတနာ သင်္ဘောတို့မှ ဆန်နှင့်စားသောက်ကုန်ပစ္စည်းများအား အတင်အချပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စစ်တွေဖောင်တော်ကြီးဆိပ်ကမ်းသို့ သွားရောက်ပြီး အမ်ဗွီ- ရွှေရည်ဝတ်မှုန်သင်္ဘောပေါ်မှ လူသုံးကုန်ပစ္စည်းများ အတင်အချပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၂၆**

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ရွှေဖီဦး လက်ဖက်ရည်ထုပ်များ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခြံထွက်ကြက်ဥများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပ

**နေပြည်တော် ဇွန် ၂၆**

လူကုန်ကူး ခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ ဖြစ်သည့် သက်ဆိုင်ရာဌာနများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက လူကုန်ကူးခံရသူများကို လက်ခံစောင့်ရှောက်ရေး ဂေဟာများ၏ ဝန်ဆောင်မှုများသည် နိုင်ငံတကာစံနှုန်းများနှင့် အညီဖြစ်ရန် လိုအပ်သောကြောင့် ၎င်းစံနှုန်းများကို အခြေခံ၍ မိမိနိုင်ငံနှင့် ကိုက်ညီသည့် ဝန်ဆောင်မှုများဖြစ်စေရေးပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း၊ လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် ၎င်းတို့လိုအပ်ချက်နှင့် ကိုက်ညီပြီး ရေရှည်တည်တံ့နိုင်သော ထောက်ပံ့မှုများပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် ရပ်ရွာအတွင်း အောင်မြင်သော ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်း ဖြစ်ရန်အတွက် ခွဲခြားဆက်ဆံမှုမရှိစေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များအနေဖြင့် ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအပြင် ပြောင်းလဲဖြစ်ပေါ်နေသော လူကုန်ကူးမှုပုံစံသစ်များနှင့် လမ်းကြောင်းများကိုသိရှိပြီးထိရောက်သည့်တားဆီးကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် အကြံပြုဆွေးနွေးပေးစေလိုကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီမှ ဆက်လက်အကောင်အထည်ဖော်ရမည့် ၂၀၂၄ ခုနှစ် လုပ်ငန်းစီမံချက်ပါလုပ်ငန်းများကို ကျန်ရှိသည့် ခြောက်လတာကာလအတွင်း ရာနှုန်းပြည့်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် တက်ရောက်လာသူများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ချက်၊ အကြံပြုချက်၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးကြပြီး အစည်းအဝေးဆုံးဖြတ်ချက် ၁၄ ချက် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အလှူငွေနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂၆**

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဂုဏ်ထူးဆောင် အသင်းဝင်များဖြစ်သော ဦးအောင်လင်း-ဒေါ်ခင်သန်းနွဲ့၊ ပဒုမ္မာရွှေကြာဆေးတိုက်(ဆရာခို/ ခေ၁၀၈) တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစုက သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း အမှုဆောင်များအစည်းအဝေး အခမ်းအနားပြုလုပ်ရာတွင် အသုံးပြုရန်နှင့် အထွေထွေ အသုံးစရိတ်အတွက် အလှူငွေကျပ် ဆယ်သိန်း၊ အမှုဆောင်များက လစဉ်လှူဒါန်းနေသော ဘိုးဘွားများ စောင့်ရှောက်ရေးဂေဟာ(မှော်ဘီ)အတွက် အလှူငွေကျပ်တစ်သိန်းနှင့် (ဆရာခို) တိုင်းရင်းဆေးမျိုးစုံတို့ကို ယနေ့နံနက်ပိုင်းက အသင်းရုံးခန်းသို့ လာရောက် လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။



**အေးသန်း(စိန်တုံးကြီး)**

■

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# လာအိုအစိုးရက နိုင်ငံ့ခရီးသွားလုပ်ငန်းမြှင့်တင်ရန် တရုတ်ခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်မူဝါဒ ချမှတ်ရန် စီစဉ်



**ဗီယင်ကျန်း ဇွန် ၂၆**

လာအိုအစိုးရသည် လာအိုနိုင်ငံ ခရီးသွားနှစ် ၂၀၂၄ ခုနှစ် ဒုတိယနှစ်ဝက်တွင် နိုင်ငံ့ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်ခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်မူဝါဒကို ချမှတ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မူဝါဒသည် ခရီးသွားအေဂျင်စီများနှင့်အတူ လိုက်ပါလာသည့် တရုတ်ခရီးသွားများကို အဓိကထား ရည်ရွယ်ခြင်းဖြစ်ကြောင်း လာအိုပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒါရာနီ ဖိုမာဗောင်ဆာ၏ ပြောကြားချက်ကိုကိုးကား၍ လာအိုသတင်းအေဂျင်စီက ဇွန် ၂၅ ရက်တွင် သတင်းဖော်ပြခဲ့သည်။

ထို့ပြင် လာအိုအစိုးရသည် နိုင်ငံတကာခရီးသွားဧည့်သည်များကို နိုင်ငံအတွင်း နေထိုင်ခွင့် ရက်ပေါင်း ၃၀ မှ ၆၀ အထိ တိုးမြှင့်ပေးရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခရီးသွားဧည့်သည်များအတွက် ခရီးသွားလာမှုအတွေ့အကြုံကို ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် လာအိုအစိုးရက ဖြတ်သန်းသွားလာနိုင်သောနေရာများတွင် လမ်းအခြေခံအဆောက်အအုံများ မြှင့်တင်ကာ လူသိများထင်ရှားသော နေရာများသို့ ဝင်ရောက်နိုင်သည့်လမ်းများ ပိုမိုကောင်းမွန်လာစေရန် အဆင့်မြှင့်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိသည်။

တရုတ်-လာအို မီးရထားလမ်းတစ်လျှောက် ခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဖြတ်သန်းလမ်းကြောင်း တစ်လျှောက် လူသိများသော နေရာများကို လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ရန်အပါအဝင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လာအိုပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပြောသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံ၌ ကားပျံများအတွက် လေဆိပ်တည်ဆောက်မည်

**တိုကျို ဇွန် ၂၆**

ဂျပန်ပို့ဆောင်ရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်းပြေးဆွဲမည့် ကားပျံများအတွက် ပထမဆုံးအကြိမ်အဖြစ် လေဆိပ်များ တည်ဆောက်ရန် ငွေကြေးသုံးစွဲမည်ဖြစ်ကြောင်း ယနေ့ ဂျပန်တိုင်းမ်စ်သတင်းစာ၏ သတင်းအရ သိရသည်။

ယင်းကားပျံများအတွက် လေဆိပ်များကို ဒေသန္တရအစိုးရများနှင့် ပုဂ္ဂလိက ကုမ္ပဏီများက တည်ဆောက်မည်ဖြစ်သည်။

ကားပျံ လေဆိပ်တစ်ခုတည်ဆောက်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက ကုန်ကျစရိတ်၏ထက်ဝက်ဖြစ်သည့် ယန်းသန်း ၅၀ ကို ကျခံမည်ဖြစ်ပြီး ယင်းလေဆိပ်များတွင် ကားပျံများအတွက် ပျံသန်းရန်နှင့် ဆင်းသက်ရန်နေရာများ၊ ပြေးလမ်းများ၊ ရပ်နားရန်နေရာများ၊ သိုလှောင်ရုံများ၊ အားသွင်းရုံများနှင့် ခရီးသည်အဆောက်များ ပါဝင်သည်။

ကားပျံများကို ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး၊ ဝေးလံခေါင်သီသော ကျွန်းများနှင့် တောင်တန်းဒေသများသို့ ခရီးသွားခြင်းနှင့် မြို့ပြတက္ကစီဝန်ဆောင်မှုများအတွက် သုံးစွဲမည်ဖြစ်သည်။

**ကိုးကား-ဂျပန်တိုင်းမ်စ်၊ ဘာသာပြန်-စိုးသူရ**

# မောင်းသူမဲ့ လကမ္ဘာ စူးစမ်းလေ့လာရေးယာဉ် Chang'e-6 လကမ္ဘာပေါ်မှ ကမ္ဘာ့ပထမဆုံးနမူနာများယူဆောင်လာပြီး အောင်မြင်စွာဆင်းသက်

**ပေကျင်း ဇွန် ၂၆**

မောင်းသူမဲ့ လကမ္ဘာ စူးစမ်းလေ့လာရေးယာဉ် Chang'e-6 သည် လကမ္ဘာပေါ်မှ စုဆောင်းရရှိထားသော ကမ္ဘာ့ပထမဆုံးနမူနာများကို သယ်ယူလာကာ တရုတ်နိုင်ငံသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်လာခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

Chang'e-6 လကမ္ဘာစူးစမ်းရေးယာဉ်ကို ပြီးခဲ့သည့်လက လကမ္ဘာပေါ်သို့ လွှတ်တင်ခဲ့သည်။ လ၏အစွန်ဘက်ခြမ်းသို့ ဆင်းသက်၍ ကျောက်တုံးများနှင့် မြေဆီလွှာနမူနာများကို စုဆောင်းပြီးနောက် ဇွန် ၄ ရက်တွင် လမျက်နှာပြင်မှ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

Chang'e-6 လကမ္ဘာစူးစမ်းရေးယာဉ် လကမ္ဘာမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်းနှင့် အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသစီမံခန့်ခွဲရေးဌာနက ကြေညာခဲ့သည်။



လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင် အောင်မြင်ခဲ့ကြောင်းလည်း တရုတ်အမျိုးသား အာကာသ စီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

အဆိုပါ နမူနာများကို စူးစမ်းလေ့လာမှုပြုလုပ်ရန်အတွက် မြို့တော်ပေကျင်းသို့ သယ်ဆောင်သွားမည်ဖြစ်ပြီး ၎င်းတို့သည် လကမ္ဘာ၏အစွန်ဘက်ခြမ်းမှ ယူဆောင်လာသည့် ကမ္ဘာ့ပထမဆုံးနမူနာဖြစ်ကြောင်း အတည်ပြုရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က လကမ္ဘာစူးစမ်းလေ့လာရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် အဆိုပါအဖွဲ့အား ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပြီး မစ်ရှင်အောင်မြင်စွာ ပြီးဆုံးခြင်းသည် တရုတ်နိုင်ငံ၏ အာကာသနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် ကြီးမားသော အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင် အောင်မြင်မှုနှင့်အတူ တရုတ်နိုင်ငံသည် လကမ္ဘာစူးစမ်းလေ့လာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်ရန် ရည်ရွယ်ထားကြောင်း လေ့လာသူများက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၌ အွန်လိုင်းမှ တရားမဝင်ငွေချေးလုပ်ငန်းများကို သတိပြုကြရန် တာဝန်ရှိသူများတိုက်တွန်း

**ဖနောင်ပင် ဇွန် ၂၆**

ကမ္ဘောဒီးယားနိုင်ငံသားများ အနေဖြင့် အွန်လိုင်းမှ တရားမဝင် ငွေချေးလုပ်ငန်းများကို သတိပြုကြရန် ကမ္ဘောဒီးယား ပြည်ထဲရေးဝန်ကြီးဌာနက သတိပေးခဲ့ကြောင်း ယနေ့ ခမာတိုင်းမ်စ် သတင်းစာသတင်းအရ သိရသည်။

အွန်လိုင်းတွင် လိမ်လည်မည့် သားကောင်များ၏ ကိုယ်ရေးအချက်အလက်၊ ဓာတ်ပုံ စသည့် အချက်အလက်များကို ဒုစရိုက်လုပ်ငန်းများ ဦးစီးသည့် တရားမဝင် ငွေချေးလုပ်ငန်းများက ရယူနေကြောင်း ဒစ်ဂျစ်တယ်နည်းပညာနှင့် မီဒီယာဌာနက လူမှုမီဒီယာ ဖေ့စ်ဘွတ်မှတစ်ဆင့် သိရှိခဲ့ရသည်။ မကြာသေးမီအချိန်က အွန်လိုင်းမှ ငွေကြေးလိမ်လည်ခံရသူတစ်ဦး၏ ပြောကြားချက်အရ အွန်လိုင်းမှ လိမ်လည်သည့် ငွေချေးလုပ်ငန်းများသည် ငွေချေးယူမည့်သူအား ဝန်ဆောင်ခနှင့် ၎င်း၏ ကိုယ်ရေး အချက်အလက်များကို ဝက်ဘ်ဆိုက်အတုတစ်ခုမှ တင်သွင်းရန် စေခိုင်းခဲ့ပြီးလိုအပ်သည့်အချက်အလက်များရရှိသည့် အချိန်တွင် ငွေချေးယူသူ၏ မှားယွင်းမှုကြောင့် ဘဏ်စာရင်းတွင် ငွေကြေးဆုံးရှုံးခြင်းဖြစ်ပွားသည်ဟု စွပ်စွဲပြီး ခြိမ်းခြောက်သည့် ရုပ်သံဖိုင်တင်ကာ ၎င်းငွေချေးယူမည့်သူထံမှ ငွေအမြောက်အမြား တရားမဝင် ရယူသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

မကြာသေးမီအချိန်က လည်း ယင်းကဲ့သို့ အွန်လိုင်းမှ ငွေကြေးလိမ်လည်မှုများ ရှိသဖြင့် နိုင်ငံသားများအား သတိပြုနေထိုင်ကြရေးအတွက် တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်။

**ကိုးကား-ခမာတိုင်းမ်စ်**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အိုများထံမှ ငွေကြေးလိမ်လည်သည့် တရားခံများကို ဖမ်းဆီးရမိ

**တိုကျို ဇွန် ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့မှ ရဲတပ်ဖွဲ့ဝင်များသည် သက်ကြီးရွယ်အို အမျိုးသမီးတစ်ဦးအား ကာလပေါက်ဈေးထက်များပြားသည့် ငွေကြေးပမာဏဖြင့် တိုက်ခန်းဝယ်ယူရန် လိမ်လည်သွေးဆောင်ခဲ့သည့် တရားခံလေးဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

မှတ်ဉာဏ်ချို့ယွင်းသည့် ဝေဒနာခံစားနေရသည့် ၎င်းသက်ကြီးရွယ်အိုအမျိုးသမီးအား တိုကျိုမြို့အနီးမှ တိုက်ခန်းတစ်ခန်းကို ဝယ်ယူရန် ပြစ်မှုကျူးလွန်သူတရားခံများက ယမန်နှစ် ဇွန်လတွင် သွေးဆောင်ခဲ့ပြီး ၎င်းထံမှ ယန်းငွေ ၃၄ သန်းကို လိမ်လည်ရယူခဲ့သည်။

ယင်းလိမ်လည်မှုကျူးလွန်ရာတွင် အသက် ၄၁ နှစ်အရွယ်ရှိ ယာမာဇာကီကာဇူမာပါဝင်ခဲ့ပြီး ၎င်းတရားခံသည် တိုက်ခန်းကို ယန်းငွေ ၃၄ သန်း၏ ၁၀ ပုံ တစ်ပုံနှင့် ညီမျှသည့် ငွေဖြင့် မူလက ဝယ်ယူခဲ့သည်။ ၎င်းတရားခံများသည်ယခုလအစောပိုင်းတွင် အဆိုပါသက်ကြီးရွယ်အို အမျိုးသမီးထံမှ ကန်ဒေါ်လာ တစ်သိန်းကိုလည်း လိမ်လည်ရယူခဲ့သည်။ ၎င်းတရားခံများထံမှ အသက် ၈၀ နှင့်အထက် သက်ကြီးရွယ်အို ၉၀၀၀၀ ခန့်၏ အမည်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်များကိုလည်း သိမ်းဆည်းရမိခဲ့သည်။

တရားခံများသည် ၎င်းတို့ပစ်မှတ်ထားသည့် သက်ကြီးရွယ်အိုများအား ဖုန်းခေါ်ဆိုမှုပြုကာ မှတ်ဉာဏ်စွမ်းရည်နှင့် ပိုင်ဆိုင်မှုတို့ကို လေ့လာခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- စိုးသူရ**

# ဆီဆိုင်မြို့နယ် လွယ်ထွဲကျေးရွာတွင် ပုံမှန်စျေးလာရောင်းနေသည့် ညောင်ရွှေမြို့နယ် ကျားတွန်ကျေးရွာမှ လူငယ်နှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် လွယ်မောတောင်ဒေသရှိ ကျေးရွာများကို တစ်အိမ်လျှင် ငွေကျပ်သုံးသောင်း ကောက်ခံခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

ဆီဆိုင်မြို့နယ် လွယ်ထွဲကျေးရွာတွင် ပုံမှန်စျေးလာရောင်းနေသည့် ညောင်ရွှေမြို့နယ် ကျားတွန်ကျေးရွာက လူငယ်နှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် လွယ်မောတောင်ဒေသရှိ ကျေးရွာများကို တစ်အိမ်လျှင် ငွေကျပ်သုံးသောင်း ကောက်ခံခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားစေရန် လှုံ့ဆော် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆီဆိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခြင်း မရှိကြောင်းနှင့် ကျေးရွာအချို့တွင် ငွေတောင်းခံခဲ့သည်ဆိုသည့် သတင်းမှာလည်း လုပ်ကြံရေးသားသည့် သတင်းအမှားသာဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိမှုအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့်ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား၍ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "အမေ့ရွာပြန်ချင်တယ်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်နေ ကျော်ဇေယျာထွန်းအား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် "Lae War Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂသီရိကားကြီးကွင်းနေ လဲ့ဝါစိုးအား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ @Chitsulay 019 (Happy Family) Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရပ်ကွက်နေ စုလှိုင်ဌေးအား ည ၁၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိရာ ဇွန် ၁၇ ရက်မှ ဇွန် ၂၃ ရက် အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၉ ဒသမ ၆၅၈၇ တန်၊ သစ်မာ ၃ ဒသမ ၇၉၃၆ တန်၊ အခြား ၁၄ ဒသမ ၁၈၅၃ တန် စုစုပေါင်း ၃၇ ဒသမ ၆၃၇၆ တန်၊ ယာဉ်/ ယန္တရားခြောက်စီး၊ တရားခံ ၂၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ **ကျောဖုံးမှ**

နှစ်ပွဲကစား အမှတ်မရသေး၊ အုပ်စု (D)၌ Gold Dream အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ Juliniss အသင်းက တစ်ပွဲကစား သုံးမှတ်၊ King Cobra အသင်းက တစ်ပွဲကစား တစ်မှတ်၊ SGF Youth အသင်းက နှစ်ပွဲကစား တစ်မှတ်၊ Team Tiger အသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။အုပ်စုပွဲစဉ် (၆) ကို ဇွန် ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

❂ **လိဂ်ပြိုင်ပွဲမှ**

ရတနာပုံအသင်းတွင်လည်း တည်ငြိမ်မင်း၊ အောင်ကျော်သူ၊ ထက်လင်းလင်းစသည့် ကစားသမားသစ်များ အသုံးပြုခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို တည်ငြိမ်မင်းက နှစ်ဂိုးနှင့် နေဦးလွင်က တစ်ဂိုးသွင်းယူခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း ခြေစမ်းပွဲတွင် သစ္စာအားမာန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ၃၂ မိနစ်တွင် ပြည့်စုံအောင်၊ ၇၄ မိနစ်တွင် စောမျိုးဇော်တို့က သွင်းယူပြီး ဟံသာဝတီအသင်းအတွက် ချေပဂိုးကို ၅၄ မိနစ်တွင် စိုးကျော်ကျော်က သွင်းယူခဲ့သည်။

**သတင်း-ကိုညီလေ၊ ဓာတ်ပုံ-MNL**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၆-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ဓမ္မသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၅ သဘာဝသစ်တောထိန်းသိမ်းစို့
- ၀၉:၁၅ NRC အစီအစဉ် (ချင်း)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ကမ္ဘာမြေကြီးသာယာဖို့ CFC တောတွေတည်ထောင်စို့ 'ဝ' ဥစိုက်ခင်းအကြောင်းတစ်စေ့တစ်စောင်း
- ၁၁:၄၀ Next Level (25)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပျော်လင့်ခြင်းအိပ်မက်'** (အပိုင်း-၃၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၁၅)
- ၁၆:၄၅ စိမ်းလန်းစိုပြေမြန်မာမြေသစ်ပင်စိုက်လို့အေးချမ်းစေ
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၄၀ ဂီတစွမ်းအားပြည်ထွန်းကားရှေ့သို့လှမ်းတက်ပြည်သူ့အတွက်
- ၁၈:၅၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'အမုန်း၏အလွန်'** (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၂၂)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ **'အတိုးမပေးတဲ့နှီးလေး'** (အပိုင်း-၂၁)

**mitv**

- 07:02 Evergreen Classic: Myanma Panorama and Myanma Sentiment
- 07:08 The Four Famous of Bagan
- 07:28 A Trip to Gyobyu Reservoir (Part-1)
- 08:01 News
- 08:26 Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China
- 08:34 Healthy Diet: Balanced Diet
- 08:40 The Lapidarist
- 09:01 Inlay Traditional Lotus Fabric
- 09:14 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya (Ep-2)
- 09:34 Alms Bowl
- 09:53 Local Talents Show (5)
- 10:01 News

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်သည့် တရုတ်စံကားပွင့်လေးများ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
'ဝ' ရိုးရာဝက်သားဆန်ပြုတ်ချက်နည်း

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
အင်တော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ပန်ပက်ကျေးရွာမှကယန်းတိုင်းရင်းသားများ

**ပအိုဝ်းကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အရိုးပွရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ရှင်သန်နေမယ့်မနက်ဖြန်များ

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
အားမနာနဲ့စားဒါအကုန်ဘဲ

**ချင်း (လိုင်းဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
စပျစ်ပင်စိုက်ပျိုးနည်း

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ထန်းပင်ပေါ်ကတို့ပေပေ

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ထူးဆန်းဖွယ်ရာရခိုင့်ဓလေ့ရှေးရိုးရာ (ရခိုင်ရိုးရာဘုန်းကြီးပျံပွဲ-ဒုံပွဲ)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၄၅ EURO 2024 အထူးအစီအစဉ် (အပိုင်း-၁၃)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ မြစ်ဝါမြစ်စီးရိုး (အပိုင်း-၃)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကံဝမ်းမဲ'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၆)

**MRTV FARMERS' / H TV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ တောင်သူများနဲ့ပျော် ၂၀၂၄ မျိုးစေ့ပြပွဲတော်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
- ၁၇:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၈:၀၀ A Little Thing Called Love (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ သူးဝက်တွေပျံနေကျလမ်းကလေးပေါ်မှာ (ဇာတ်လမ်း)

**MRTV SPORTS / H TV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ EURO 2024 Part (11)
- ၀၇:၄၀ Weekly Soccer Preview
- ၁၆:၁၀ အားကစားလောကထဲကသူတို့အကြောင်း
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။



## ပုသိမ်မြို့၌ (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

ပုသိမ် ဇွန် ၂၆

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့်တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားအား ရဲတပ်ဖွဲ့ဝင်များက "မူးယစ်ကင်းစင် မြန်ပြည်တစ်ခွင်"သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သည့် သဝဏ်လွှာအား ဧရာဝတီတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်က ဖတ်ကြားသည်။

ထို့နောက် (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုပြသမှုအား ကြည့်ရှုအားပေးပြီး ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူး၍ (၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် မှတ်တမ်းပုံများ၊ မူးယစ်ဆေးဝါး အသိပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## လွိုင်ကော်မြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

လွိုင်ကော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားသည်။

### ဖတ်ကြားခဲ့

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှ ပေးပို့သော သဝဏ်လွှာအား ကယားပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းစိုးအောင်က ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

### လှည့်လည်ကြည့်ရှု

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဆောင်ရွက်ချက်မှတ်တမ်းများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)





## မိတ္ထီလာမြို့၌ စက်မှုဇုန်နည်းဥပဒေ ရှင်းလင်းပွဲအခမ်းအနား ကျင်းပ

မိတ္ထီလာ ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ စက်မှုဇုန်နည်းဥပဒေ ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက စက်မှုဇုန်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းကြိုင်က စက်မှုဇုန်နည်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ ချမ်းသာ(မိတ္ထီလာ)

## တနင်္သာရီမြို့၌ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြောင်း အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်များပြသ

တနင်္သာရီ ဇွန် ၂၆

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ချောင်းငယ်ရပ်ကွက် အမကတပ်ဦးကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းခန်းအတွင်း ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဆရာမများနှင့် ကျောင်းသား ကျောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြသည်။



အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးရုံးမှလက်ထောက်မြို့နယ်ပညာရေးမှူး ဦးဇင်မင်းလတ်က မူးယစ်ဆေးဝါးသုံးစွဲရခြင်း အကြောင်းအရင်း ရှစ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှ နယ်ထိန်းအရာရှိ ဒုရဲအုပ် အေးကိုကိုက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော မူးယစ်ဆေးဝါးဥပဒေများအကြောင်းကို ပညာပေးဆွေးနွေးပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်ဝင်းက မူးယစ်ဆေးဝါးအဓိပ္ပာယ်၊ မူးယစ်ဆေးဝါး သုံးစွဲရခြင်းအကြောင်းအရာများ၊ မူးယစ်ဆေးကို စွဲစွဲမြဲမြဲသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာများ၊ ရုပ်ပိုင်းဆိုင်ရာများနှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးမသုံးစွဲမိစေရန် သိရှိလိုက်နာရမည့်အချက်များကို ပညာပေးဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသပေးသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် "ရွှေသာရီ"နံရံကပ်စာစောင်ကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

# ကော့သောင်းမြို့နယ်ရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများအတွက် ပန်းတိုင်အထွက်နှုန်းရရှိစေရန် မျိုးစပါးများနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်



ကော့သောင်း ဇွန် ၂၆

ကော့သောင်းမြို့နယ်ရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများအတွက် မျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများနှင့် မိုးစပါးစိုက် အကျိုးဆောင်တောင်သူများအတွက် ပန်းတိုင်အထွက်နှုန်းရရှိစေရန် မျိုးစပါးများနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၄ ရက်တွင် ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းထိုက်က မျိုးစပါးများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက တိုက်ရိုက်မျိုးစေ့ချ ကိရိယာနှင့် သွင်းအားစုများဖြစ်သော မျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို တောင်သူများအား ထောက်ပံ့ပေးအပ်ကြသည်။

ကော့သောင်းခရိုင်၏ ဒေသဝမ်းစာဖူလုံရန် ပန်းတိုင်အထွက်နှုန်း ရရှိစေရန်အတွက် အကျိုးဆောင်တောင်သူများ၏ လယ်ဧက ၄၀ အတွက် မျိုးစပါးများ တင်း ၄၀၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတောင်သူများအတွက် မျိုးစပါး ၈၅ တင်း၊ ကွန်ပေါင်းဓာတ်မြေဩဇာ ၄၃ အိတ်၊ သဘာဝမြေဩဇာ အိတ် ၁၇၀ တို့ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်ပြီး မြို့နယ်များအတွက် တိုက်ရိုက်မျိုးစေ့ချကိရိယာ သုံးခုကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# စပါးမျိုးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက် ရိတ်သိမ်း

နေပြည်တော် ဇွန် ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ဒေသခံတောင်သူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် ခရမ်းကိုင်းအုပ်စု အဆင့်မြင့်လယ်ယာမြေ ဧက ၂၀၀ ရှိ တောင်သူဦးရဲဝင်း၏ ကွင်းအမှတ် (၁၈၂၆) ဦးပိုင် (၂၇) ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စပါးမျိုးသားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်း သုတေသနစမ်းသပ်ကွက် နှစ်ဧက ရိတ်သိမ်းခြင်းကို ကြည့်ရှုအားပေးသည်။



ထို့အတူ ကွင်းအမှတ် (၁၈၂၆) ဦးပိုင်(၂၃) ၏ နွေစပါးရိတ်သိမ်းနေမှုနှင့် တစ်ဧကလျှင် စပါးအစို ၁၄၆ တင်းကျော် ထွက်ရှိမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တောင်သူများနှင့်တွေ့ဆုံ၍ မျိုးကောင်းမျိုးသန့်မွေးမြူထုတ်လုပ်ရေးတွင် တောင်သူများပူးပေါင်းပါဝင်မှု၏ အရေးပါပုံ၊ မျိုးစေ့ထုတ်လုပ်ငန်း၏ စီးပွားရေးအခွင့်အလမ်းများ၊ နိုင်ငံတကာတွင် တောင်သူလယ်သမားများနှင့် ပူးပေါင်း၍ မျိုးကောင်းမျိုးသန့် မွေးမြူခြင်း မျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တောင်သူများ၏ နွေသီးနှံစိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများ၊ မိုးစပါးစိုက်ပျိုးရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အတွေ့အကြုံ ဖလှယ်ဆွေးနွေးကာ လိုအပ်ချက်များ အကြံပြုဆွေးနွေးမှာကြားသည်။

နိုင်ငံတကာတွင် မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် မျိုးစပ်မွေးမြူခြင်းလုပ်ငန်းများကို တောင်သူလယ်သမားများနှင့် အတူတွဲဖက်မွေးမြူသည့်စနစ် (Partcipatory Plant Breeing) နည်းလမ်းကို တွင်ကျယ်စွာ အသုံးပြုလာကြကြောင်းနှင့် မျိုးကောင်းမျိုးသန့်မျိုးသစ်ကို တောင်သူများ လျင်မြန်စွာစိုက်ပျိုးလာကြစေရန်အပြင် မိမိရေမြေနှင့် ကိုက်ညီသောမျိုးကို အတူတကွ စိတ်ကြိုက်ရွေးချယ်နိုင်သော အကျိုးကျေးဇူးကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် ချောင်းမငယ်ဆည်ရေသောက်ရှိ ဆီထွက်သီးနှံအထူးဇုန် ဧက ၃၀၀ တွင် နှမ်းသီးနှံများဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုအားပေးပြီး စနစ်တကျရိတ်သိမ်းနိုင်ရေးနှင့် နုတ်စည်းထောင်စနစ်ဖြင့် နှမ်းအရည်အသွေးကောင်း၊ ဆီအရည်အသွေးကောင်း ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၆-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၀ | ၂၆၅၅ | ၂၆၃၅ | ၂၅၉၀ | ၂၆၆၀ | ၂၆၇၀ | ၂၆၈၀ | ၂၆၄၀ | ၂၇၇၀ | ၂၈၀၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၅ | ၂၆၈၅ | ၂၆၉၅ | ၃၁၀၅ | ၃၇၀၀ |
| 95 Ron | ၂၇၁၅ | ၂၇၉၅ | ၂၇၇၀ | ၂၇၂၅ | ၂၇၉၅ | ၂၈၀၅ | ၂၈၂၀ | ၂၇၇၅ | ၂၉၀၅ | ၂၉၃၅ | ၂၇၈၀ | ၂၇၉၅ | ၂၈၃၀ | ၂၈၂၀ | ၂၈၃၀ | ၃၂၄၀ | ၃၈၅၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၅၀၀ | ၂၄၇၅ | ၂၄၃၀ | ၂၅၀၀ | ၂၅၁၅ | ၂၅၂၅ | ၂၄၈၀ | ၂၆၁၀ | ၂၆၄၀ | ၂၄၉၀ | ၂၅၀၅ | ၂၅၃၅ | ၂၅၂၅ | ၂၅၃၅ | ၂၉၄၅ | ၃၈၀၀ |
| HSD (50 ppm) | ၂၈၅၀ | ၂၉၃၀ | ၂၉၀၅ | ၂၈၆၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၅၅ | ၂၉၁၀ | ၃၀၄၀ | ၃၀၇၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၆၅ | ၂၉၅၅ | ၂၉၆၅ | ၃၃၇၅ | ၃၈၀၀ |
| HSD (10 ppm) | ၂၈၅၀ | ၂၉၃၀ | ၂၉၀၅ | ၂၈၆၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၅၅ | ၂၉၁၀ | ၃၀၄၀ | ၃၀၇၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၆၅ | ၂၉၅၅ | ၂၉၆၅ | ၃၃၇၅ | ၃၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၇ | ၂၅၁၉ |
| 95 Ron | ၂၅၆၉ | ၂၆၅၄ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၇၀၀ | ၂၇၈၄ |
| HSD (10 ppm) | ၂၇၀၀ | ၂၇၈၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သံဖြူဇရပ်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေး

သံဖြူဇရပ် ဇွန် ၂၆

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် e-ID စနစ်အတွက် Biographic/Biometric ကောက်ယူခြင်းများကို ယမန်နေ့နံနက်ပိုင်းက အောင်သုခရပ်ကွက်(အလက)သီရိမြိုင်၌ ကွင်းဆင်းဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူး ဦးစီးအရာရှိ ဦးငွေးခိုင်နှင့် တာဝန်ရှိသူများက ကျိုက္ခမီမြို့ရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား ကျား ၆၂ ဦး၊ မ ၈၅ ဦး စုစုပေါင်း ၁၄၇ ဦးကို ထုတ်ပေးခဲ့ပြီး ဇီဝဆိုင်ရာ အချက်အလက်များ (UID) ကောက်ယူသူ ၁၄၇ ဦးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ကန့်ဘလူမြို့နယ်၏ ပဲတီစိမ်းဈေးကွက်အခြေအနေ

ကန့်ဘလူ ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ရာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ထန်းကုန်းကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ကံရိုးကျေးရွာနှင့် အခြားကျေးရွာများတွင် ပဲတီစိမ်းကို စိုက်ပျိုးကြကြောင်း၊ ယခုအခါ ပဲတီစိမ်းများ ဈေးကွက်အတွင်းဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အလုံးလှ၍ အကွဲအနာကင်းလျှင် ဈေးပိုမိုရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူခရိုင်မှထွက်ရှိသော ပဲတီစိမ်းသီးနှံများကို မန္တလေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ပဲတီစိမ်းများ ဈေးကောင်းရရှိလျက်ရှိသောကြောင့် ပဲတီစိမ်းစိုက်ပျိုးတောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



# ကန့်ဘလူခရိုင်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးကွက်အခြေအနေ

ကန့်ဘလူ ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ကွမ်းများကိုလည်း ယာကွက်များတွင်လည်းကောင်း၊ နေအိမ်ခြံဝင်းများတွင်လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။

ကန့်ဘလူခရိုင်အတွင်းဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကွမ်းရွက်များကို ကန့်ဘလူမြို့၊ ကျွန်းလှမြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ကွမ်းဝင်ရောက်မှုအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



# နတ်တလင်းမြို့နယ်၌ ပန်းထိမ်ငိုပန်း (ခေါ်) ပန်းထိမ်မနိုင်ပန်းများ အရောင်းအဝယ်ဖြစ်မှုအခြေအနေ

နတ်တလင်း ဇွန် ၂၆

ပဲခူး တိုင်းဒေသကြီး နတ်တလင်းမြို့နယ် အတွင်းရှိ အနောက်စုကျေးရွာ၊ မှန်တန်းကြီးကျေးရွာ၊ ဘိုးသာအောင်ကုန်းကျေးရွာ၊ ကုန်းကြီးကျေးရွာ၊ ရှားဖြူကုန်းကျေးရွာနှင့် ကြွက်နွယ်တောကျေးရွာများ၌ ပန်းထိမ်ငိုပန်း (ခေါ်) ပန်းထိမ်မနိုင်ပန်းများကို စီးပွားဖြစ်အနေဖြင့် လည်းကောင်း၊ အခြားကျေးရွာများတွင် တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း ရေသွင်း၍ စိုက်ပျိုးကြကြောင်း သိရသည်။



ဇွန်လတတိယပတ်မှ စတင်၍ ပန်းထိမ်ငိုပန်း (ခေါ်) ပန်းထိမ်မနိုင်ပန်းများ စတင်ထွက်ပေါ်လျက်ရှိရာ ပန်းကုန်သည်များက ခြံများသို့ လာရောက် ဝယ်ယူကြကြောင်း၊ ပန်းထိမ်ငိုပန်း (ခေါ်) ပန်းထိမ်မနိုင်ပန်းများ စတင်ထွက်ပေါ်ချိန်တွင် ဒေသတွင်း မြို့နယ်များသို့သာ ရောင်းချနိုင်ပြီး ပန်းများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ရန်ကုန်၊ ပြည်၊ မကွေးနှင့်သုံးဆယ်မြို့တို့သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

# စလင်းမြို့နယ်အတွင်း နှမ်းမည်းများ စတင်ထွက်ပေါ်၍ ဈေးကောင်းရရှိ



စလင်း ဇွန် ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် မိုးဝန်းကျေးရွာရှိ တောင်သူများသည် မိုးစပါး၊ ကုလားပဲနှင့် နှမ်းနှမ်းစသည့် သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် နှမ်းနှမ်းများကို မတ်လအလယ်တွင် စတင်စိုက်ပျိုးခဲ့ပြီး ဇွန်လတွင် ရိတ်သိမ်းကြောင်း၊ မျိုးအနေဖြင့် ဂျပန်နှမ်းဖြူမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ ထွန်ယက်ခ၊ သွင်းအားစု၊ ရိတ်သိမ်းစရိတ်နှင့် လုပ်အားခအပါအဝင် တစ်ကေလျှင်စုစုပေါင်း ငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ပျမ်းမျှအထွက်နှုန်း ၈-၁၀ တင်းခန့် ထွက်ရှိကြောင်း၊ နှမ်းနှမ်းစိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုနည်းပါး၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးရသည့်အတွက် ယခုနှစ် နှမ်းအထွက်နှုန်းမှာ အသင့်အတင့်သာထွက်ရှိပြီး မြေအနေအထား၊ သွင်းအားစု သုံးစွဲမှု၊ အောင်မြင်ဖြစ်ထွန်းမှုများအပေါ်မူတည်၍ အထွက်နှုန်းကွဲပြားမှုရှိကြောင်း သိရသည်။

တောင်သူများသည် ထွက်ရှိသည့်နှမ်းများကို မျိုးနှင့် ဆီကြိတ်ခွဲ စားသုံးရန်ချန်၍ ကျန်ရှိသည့် နှမ်းများကို စလင်းမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် နှမ်းနှမ်းအထွက်နှုန်း နည်းပါးသော်လည်း နှမ်းဈေးနှုန်း ကောင်းမွန်မှုကြောင့် မိုးဝန်းကျေးရွာရှိ နှမ်းနှမ်းစိုက်တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

သတင်းရင်းမြစ် - စီးပွား/ကူးသန်း

**၂၆-၆-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၇၂၀၀ | ၂၀၀၀၀ | ၆၃၄၅ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၆၅၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၀၅၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၂၇၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၃၀၀၀ | ၂၉၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၉၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၁၆၅၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၃၇၀၀ | | ၅၈၀၀ | ၁၇၀၀၀ | ၅၈၀၀ | ၁၀၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၇၀၀၀ | ၃၃၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၆၀၀ | | ၅၂၅၀ | ၁၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၆၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၃၀၀ | ၃၀၀၀ | ၆၁၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၅၅၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၂၀၀ | | ၆၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၄၀၀ | ၆၃၀၀ | ၆၀၀၀ | ၃၈၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၅၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၉၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၃၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၁၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၈၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၀၀၀ | | ၆၂၅၀ | ၁၅၄၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၂၄၀၀ | ၁၃၄၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၈၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၄၀၀ | ၅၂၀၀ | ၁၄၂၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၉ | နေပြည်တော် | ၃၀၀၀ | | ၆၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၂၄၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၈၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၈၀၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၆၀၀ | ၅၄၀၀ | ၁၄၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၀ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၆-၆-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၁၉၃။ | ပုသာရိပ်သာကျောင်းဆရာတော် ဦးကုန္ဒာစာရနှင့် တပည့်ဒါယကာ၊ ဒါယိကာမများကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၁၉၄။ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ စာသင်တိုက်ကြီးများမှ သံဃာတော်(၁၆၀)ပါး ကောင်းမှု | ၆၇၆၀၀၀ |
| ၉၁၉၅။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်တင်ညွန့်အားရည်စူး၍ ဦးငွေစိုးနှင့်ဇနီးဒေါ်ဆုယဉ်ကျေး၊ (သား)မောင်ရဲဝဏ္ဏစိုး၊ မောင်ဖွဲ့စစ်ပိုင်စိုးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၁၉၆။ | ဒေါ်မြင့်မြင့် (၈၃)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၃၀၀၀၀၀ |
| ၉၁၉၇။ | မောင်သုတလင်းသစ် (၇)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၂၀၀၀၀၀ |
| ၉၁၉၈။ | ဦးမြင့်သာနှင့်ဇနီး ဒေါ်သန်းသန်းအေး၊ (သမီး)ဒေါက်တာဇော်ထက်ကျော်နှင့်ဇနီး ဒေါ်အေးစန္ဒီသာ၊ ဒေါ်အေးမြတ်သာမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၉၁၉၉။ | ဦးဝေယံမင်းနှင့်ဇနီး ဒေါ်စိုးစိုးဟန်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၉၂၀၀။ | ဆရာတော် ဦးဥတ္တမကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၀၁။ | ကွယ်လွန်သူ ရဲမှူးကြီးမိုက်ကယ်လှမြင့်ငြိမ်းအားရည်စူး၍ ဒေါ်တင်တင်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၀၂။ | ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်တင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၀၃။ | ကွယ်လွန်သူ ဖခင်ကြီး ဦးထွန်းဆွေအားရည်စူး၍ မိခင်ကြီး ဒေါ်ညွန့်ညွန့်နှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၀၄။ | ဦးစိုင်းအိုက်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၀၅။ | ဦးစိုင်းအိုက်ပုံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၀၆။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်ခင်ထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၀၇။ | ဦးအောင်ကျော်ထွန်းနှင့်ဇနီး ဒေါ်သင်းသင်းခိုင် မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၂၀၈။ | ဦးဟွန်းဝင်းဂျုံးနှင့်ဇနီး ဒေါ်နွေးနွေးစိုးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၂၀၉။ | ဦးခင်ကိုကိုနှင့်ဇနီး ဒေါ်ခိုင်ဇာလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၁၀။ | ဒေါ်ခင်တင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၁၁။ | ဦးကျော်မင်းထက်နှင့်ဇနီး ဒေါ်တီလာမိုးပိုကြိုင်၊ (သား) မောင်ကောင်းပြည့်အာကာကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၁၂။ | ဆရာတော် ဦးဉာဏနိတ္တရကောင်းမှု | ၅၀၀၀၀ |
| ၉၂၁၃။ | ဦးအောင်မင်းထွေးနှင့်ဇနီး ဒေါ်တင်တင်သိန်း၊ (သား)မောင်စည်သူအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၁၄။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဦးသိန်းမောင်နှင့်ဇနီး ဒေါ်ခင်ခင်၊ ဦးမိုးကျော်နှင့်ဇနီး မအေးမိစံ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၁၅။ | ဦးထွန်းထွန်းဝင်းနှင့်ဇနီး ဒေါ်အေးသန္တာကျော်၊ (သား)မောင်ဟိန်းသန့်၊ မောင်မင်းသန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၁၆။ | ဦးတင်မောင်အေးနှင့်ဇနီး ဒေါ်ခိုင်သန္တာမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၁၇။ | ဦးစစ်မြိုင်နှင့်ဇနီး ဒေါ်ကြည်ကြည်မြ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၁၈။ | ဦးကျော်သက်နိုင်နှင့်ဇနီး ဒေါ်နန်းယဉ်ယဉ်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၁၉။ | ကိုဝေလွင်ဖြိုးနှင့်ဇနီး မမေသီတာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၂၀။ | ဦးဝေယံထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၂၁။ | ဦးသက်လွင်ငြိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၂၂။ | မောင်သန်းဇော်ဝင်းနှင့်ဇနီး မဇာဇာဝေ၊ (သမီး) မပန်းရောင်ချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၂၃။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်ဆက်ရှိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၂၄။ | ဦးအောင်မြတ်သူနှင့်ဇနီး ဒေါ်အိအိဖြိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၂၅။ | ဒေါ်ခင်သိန်းအေးနှင့် မအိမ့်မွန်ရည်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၂၆။ | ဦးဟန်တင်နှင့်ဇနီး ဒေါ်ခင်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၂၇။ | ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်ကြည်မြရင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၂၈။ | ဦးတင်သန့်ဆွေနှင့်ဇနီး ဒေါ်ပြုံးပြုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၂၉။ | ဒေါ်အေးစိုးငယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၃၀။ | ဦးအောင်လွင်မိုးနှင့်ဇနီး ဒေါ်ခင်သီတာချော၊ (သား) မောင်အောင်သူဟိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၃၁။ | ဦးဖြိုးကျော်စိုးနှင့်ဇနီး ဒေါ်ရီရီမွန်၊ (သား)မောင်လင်းဖုန်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၃၂။ | ကွယ်လွန်သူ မောင်ထူးအောင်အားရည်စူး၍ ဦးအောင်ဇော်နှင့်ဇနီး ဒေါ်ကြည်ကြည်ရွှေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၃၃။ | ရဲမှူးကြီးကောင်းဇေယျာနှင့်ဇနီး ဒေါက်တာကေခိုင်ဆုသွယ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၃၄။ | နှစ်ဖက်သော ဘိုးဘွား၊ မိဘ၊ ဆွေမျိုးများအားအမှူးထား၍ ဦးအေးကျော်နှင့်ဇနီး ဒေါ်အေးသီတာအောင်ချစ်၊ မောင်ကျော်မိုးထက်၊ မောင်အေးချမ်းမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၃၅။ | ဦးတင်မောင်မြင့်နှင့်ဇနီး ဒေါ်ချိုချိုမာ၊ (သား)မောင်ပြည့်ဖြိုးကျော်၊ မောင်ကျော်လင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၃၆။ | ဦးထွန်းလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၃၇။ | ကွယ်လွန်သူ ဘိုးဘွား၊ မိဘများအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၃၈။ | ဦးဇော်ဇော်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၃၉။ | ဦးရဲမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၄၀။ | ဦးပန်းငွေနှင့်ဇနီး ဒေါ်နန်းမြတင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၄၁။ | ဦးအောင်စိုးမိုးနှင့်ဇနီး ဒေါ်စံသက်သက်ဝေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၄၂။ | ဦးထင်အောင်နှင့်ဇနီး ဒေါ်မီမီခိုင်၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၂၄၃။ | မောင်နေဝင်းအောင်နှင့်ဇနီး မနန်းမို့မို့အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၄၄။ | ဦးထွန်းလင်းနှင့်ဇနီး ဒေါ်နီနီခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၄၅။ | ဦးထွန်းဝင်းနှင့်ဇနီး ဒေါ်အေးအေးခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၄၆။ | မောင်တင်အေးနှင့်ဇနီး မဖူးပွင့်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၄၇။ | ကွယ်လွန်သူ ဦးသက်ထက်အောင်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၄၈။ | ဦးသူရိန်ဦးနှင့် ဦးသက်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၄၉။ | ကွယ်လွန်သူ ကိုနေဇာချစ်အားရည်စူး၍ ဦးချစ်သိန်းနှင့်ဇနီး ဒေါ်ကြည်ငွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၅၀။ | ဦးစိုင်းဝဏ္ဏမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၅၁။ | ဦးလှငွေးဦးနှင့်ဇနီး ဒေါ်မြတ်သီတာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၅၂။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၀၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**မိဘအမည်မှန်**

ဝိုင်းမော်မြို့၊ အထက(၂)၊ Grade-10 မှ မနှင်းနှင်းဦး၏ မိဘအမည်မှန်မှာ ဦးအေးကျော် [၁/ဝမန(နိုင်)၀၃၈၄၄၆] နှင့် ဒေါ်ထွေး [၁/ဝမန(နိုင်)၀၅၄၆၅၉] ဖြစ်ပါသည်။

**မိဘအမည်မှန်**

ဝိုင်းမော်မြို့၊ အထက(၂)၊ Grade-9 (A) မှ မဆာရီသား နှင့် Grade-5 (B) မှ မောင်စိုးနိုင် တို့၏ မိဘအမည်မှန်မှာ ဦးဟင်းပါရ်ဆပ် [၁/ဝမန(နိုင်)၀၃၄၅၃၂] နှင့် ဒေါ်ပေရ်မာဒေဝီ [၁/ဝမန(နိုင်)၀၈၅၅၈၁] ဖြစ်ပါသည်။

**Passport ပျောက်ဆုံးခြင်း**

ကျွန်တော် မောင်ကျော်ဇင်ဦး [၁၂/ဒဂမ(နိုင်)၀၆၄၁၂၂]၏ Passport (နံပါတ်မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph-09-446445950**

**ပတ်စ်ပို့ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်အိအိချမ်း [၁၀/သထန(နိုင်)၂၃၁၂၈၂] ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-09-695470132**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ခားသွေးကျောက်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်အောင်ထွန်းလင်းနှင့် အ.လ.က(ခွဲ) ရွာသစ်ကျောင်း Grade-8မှ မောင်ဇင်ကိုလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမြမင်း ဖြစ်ပါကြောင်း။

**ဦးမြမင်း**

**မွေးသက္ကရာဇ်အမှန်**

ဦးကျော် စိုး [၁၂/ဒဂတ(နိုင်)၀၂၈၄၃၃]၏ သမီး အ.ထ.က(၁)သဃ်န်းကျွန်း Grade-9 မအိရွှေစင်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ မွေးလက်မှတ်အရ (၁၁-၇-၂၀၁၀) ဖြစ်ပါကြောင်း။

**ပတ်စ်ပို့ပျောက်**

(ဘ) ဦးအဆို(က်)ကူမာရ်၏ သမီး ကျွန်မ ဒေါ်စိမ်းသီတာ[၁၂/သဃက(ပြု)၀၀၃၈၆၅]၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 286176) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၀၃၀၁၁၄**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက် (သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ "မူယာမာယာမိုး" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၈-၆-၂၀၂၄) ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "မူယာမာယာမိုး" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိုးကပြောတဲ့အလွမ်းဇာတ်လမ်း | ပြင်ပအဆိုရှင် |
| ၂။ | မိုးစက်တင်လေ | ပြင်ပအဆိုရှင် |
| ၃။ | မိုးပြေး | ဌာနအဆိုရှင် |
| ၄။ | မိုးပြေးချစ်သူ | ပြင်ပအဆိုရှင် |
| ၅။ | ပြန်တော့ကွယ် | ပြင်ပအဆိုရှင် |
| ၆။ | မိုးသည်းတိုင်းလွမ်းတယ် | ပြင်ပအဆိုရှင် |
| ၇။ | မိုးညများနဲ့အတူ | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | ရန်ကုန်မိုး | ပြင်ပအဆိုရှင် |
| ၉။ | မိုးဘာကြောင့်ရွာ | ပြင်ပအဆိုရှင် |
| ၁၀။ | မူယာမာယာမိုး | ပြင်ပအဆိုရှင် |

## မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ (၄)၊ အိမ်အမှတ် (၇)နေ မွေးစားသမီးဖြစ်သူ ဒေါ်ရွှယ်ဆန့် [၁/မကန(နိုင်)၁၁၃၃၈၄] သည် မိခင်၏ ဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ မိခင်အား ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိခင် – ဒေါ်ဒါရှီတောမ်**
**MKA–၀၅၅၁၁၀**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က (နောင်ကုလားရှမ်းရွာ)ကျောင်း၊ Grade–6 တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်(၀၀၃၂) မဂန္ဓာမာသင်း၏ ဖခင်အမည်မှန်မှာ ဦးစန်းချစ် [၁၀/သထန(နိုင်)၂၈၁၇၉၄]ဖြစ်ပါကြောင်း။

**ဦးစန်းချစ်**
**[၁၀/သထန(နိုင်)၂၈၁၇၉၄]**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ တိုက်အမှတ်(၈၉)၊ (၂)ခန်းတွဲ (၃၂)ထပ်တိုက် အဆောက်အဦမှ (ဒုတိယထပ်/ခြေရင်းခန်း)၊ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးသန့်ထူးအောင် [၇/ပခန(နိုင်)၂၉၉၇၄၇]ထံမှ ဒေါ်လွင်လွင်ခိုင် [၁၂/သဃက(နိုင်)၀၂၅၃၂၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လွင်လွင်ခိုင် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

## ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ (23/G–1) ကမ်းနားလမ်းနှင့်သစ်တောလမ်းထောင့်၊ River View Point Condo, ကားပါကင် (၁)စီးစာ နေရာအပါ ကွန်ဒိုတိုက်ခန်း အဆောက်အဦမှ Level(7)၊ အခန်းအမှတ်(706) (၁၉၅၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ ကွန်ဒိုတိုက်ခန်းကိုတရားဝင် လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ခင်ဌေး [၁၂/ကတတ(နိုင်)၀၁၇၇၆၆] ထံမှ ဦးအင်ခန့်ဂို [၅/ကလထ(နိုင်) ၀၁၉၅၀၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်း တန်ကြေးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ၊ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအင်ခန့်ဂို ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

**အနာဂတ်**

**ကမ္ဘာ**

**သာယာဖို့**

**အိုဇုန်းလွှာကို**

**ကာကွယ်စို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၄၊ လူနေရပ်ကွက်အမှတ်– ၁၀၊ မြေကွက်အမှတ်– ၁၁၃၇(က)၊ ၈/၁၀/၃၄ ရပ်ကွက်၊ ဥတ္တမလမ်း၊ ဦးစိုးလွင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်၏ ပေ၂၃x ပေ၆၀ အကျယ်အဝန်းအနက်မှ (ခြေရင်းခြမ်း) ၁၀ပေx ၆၀ပေ အကျယ်အဝန်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ဦးလှငွေ [၈/နမန(နိုင်)၀၇၉၅၄၁]က ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ခိုင်မိုး [၁၂/အစန(နိုင်)၀၀၇၇၃၃]က ၂၀-၆-၂၀၂၄ ရက်စွဲပါ "အိမ်နှင့်မြေ အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆိုပြီး ရောင်းဖိုးငွေ အပြေအကျေပေးချေ၍ လက်ရောက်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ထက်ထက်ခိုင်**
**LL.B.,D.IP.L.,Advocate**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၁၁၇/၂၇-၁-၂၀၂၁)**
**အမှတ်– ၅၉/ဘီ၊ အခန်း–၇၀၁၊ သာယာကုန်းလမ်း၊ သာယာကုန်းကွန်ဒို၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**Ph: 09–5161186, 09–250060731**

## "ကန်ထရိုက်တာ ဦးလှဝင်း [၁၂/တမန(နိုင်)၁၃၉၅၄၉] ကိုင်ဆောင်သူသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ မာန်ပြေ(၁၄) လမ်းအရှေ့၊ အမှတ် (၇၄၉) နေ မဝိတိုရိယား (ခ) ဒေါ်စန်းစန်းမြင့် [၁၂/ဒပန (နိုင်) ၀၀၀၈၂၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မဝိတိုရိယား (ခ) ဒေါ်စန်းစန်းဝင်း နှင့် ကန်ထရိုက်တာ ဦးလှဝင်းတို့သည် (၁၈-၈-၂၀၂၂) ရက်စွဲပါ "မြေပိုင်ရှင် နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ အဆောက်အဦ (၁)ခန်းတည်း (၆)ထပ်တိုက် အခန်းပေး၊ အခန်းယူ ဆောက်လုပ်ခြင်းကတိစာချုပ် " ချုပ်ဆိုခဲ့ပါသည်။ ယခုအခါတွင် အဆိုပါစာချုပ်၏ အပိုဒ်(၂)ပါ အိမ်ဟောင်းဖျက်သည့်နေ့မှစ၍ (၁)နှစ် (၃)လအပြီး ဆောက်လုပ်ပြီး မြေရှင်များသို့ လက်ရောက်အပ်နှံမည်ဟု သဘောတူညီခဲ့သော်လည်း ယခုအခါတွင် အဆောက်အဦအား လက်ရောက်အပ်နှံနိုင်ခြင်းမရှိပါသောကြောင့် လက်ရှိ လုပ်ကိုင်နေသော လုပ်ငန်းခွင်မှ (၇)ရက်အတွင်း ထွက်ခွာပေးရန်နှင့် မြေရှင်မှ ကျန်ရှိလုပ်ငန်းများကို မိမိတို့ ကုန်ကျစရိတ်ဖြင့် ဆက်လက်ဆောက်လုပ် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးထွန်းသူအောင် (LL.B)** | **ဒေါ်နီနီဝင်း (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၅၅၇၆၄)** | **အထက်တန်းရှေ့နေ (စဉ်–၅၁၇၁၈)** |

**အမှတ်–၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၈၀၀၅၄၀၆၀**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၁၅၀/၁၅၂)၊ ၆-လွှာ(အေ)၊ အကျယ်အဝန်း (၂၅ပေx ၈၂ပေ)ရှိသော တိုက်ခန်းနှင့် တိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ရောင်းချသူဖြစ်သည့် ဒေါ်ဝေဝေအောင် [၁၂/မဂတ(နိုင်)၀၁၉၃၉၉]နှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဝယ်ယူသူ ဒေါ်သီဂီဝင်း [၁၂/တမန(နိုင်)၁၄၁၈၀၈]တို့မှ အထက်ဖော်ပြပါတိုက်ခန်းအား အရောင်းအဝယ် ပြုလုပ်ကြရန် သဘောတူညီပြီးဖြစ်သည့်အလျောက် (၂၆-၆-၂၀၂၄)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်သီဂီဝင်း၏ လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်အိရွှေစင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၅၂၇၂ / ၂၇-၁၂-၂၀၁၈)**
**အမှတ်–၅၈(B–4)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၂၀၀၇၆၉၂၄**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်–၁၆/ညောင်ပင်ကြီးစုရပ်၊ လူနေရပ်ကွက်အမှတ်–ညောင်ပင်ကြီးစုကွက်သစ်မှ မြေဧရိယာ(၀.၀၈၇) ဧကရှိ မြေကွက်အမှတ်–(ပ-၄၉၂)၏ နှစ်(၃၀) မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဒေါ်နန်းစိုးယဉ်မြင့်(ခ)ဒေါ်စိုးယဉ်မြင့်(ဘ)ဦးအိုက်[၉/မနမ(နိုင်)၀၈၉၁၃၅]ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နှင်းနှင်းကို(ဘ)ဦးအေးကို[၇/ပတန(နိုင်)၁၁၁၉၁၇]မှ နိုင်ငံသားစိစစ်ရေးကတ်နှင့်အိမ်ထောင်စုစာရင်း(မိတ္တူ)၊ မြေငှားစာချုပ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်(မူရင်း)၊ မြေငှားစာချုပ်စာအုပ်(မိတ္တူ)၊ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၁၀၉၇/၂၀၂၃)၊ မြေငှားရမ်းခပြေစာ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ လျှောက်ထားလာမှုအား ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါ၍ မူလကထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်အမှတ်၊ ပုဗ္ဗသီရိ/သစ်–၁၇/၂၀၁၈-၂၀၁၉ ဒေါ်နန်းစိုးယဉ်မြင့်(ခ)ဒေါ်စိုးယဉ်မြင့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မူရင်းကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၇၈၊မြေကွက်အမှတ်–၄၂၀၊ မြေကွက်တည်နေရာအမှတ်(၄၂၀)၊ပုဏ္ဏမီလမ်း၊(၇၈)ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ဦးသက်ထွန်း(KYN-၀၁၄၈၆၁)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်–ဦးသက်ထွန်း(KYN-၀၁၄၈၆၁)(၁၂/သလန(နိုင်)၀၁၇၈၇၆)မှမှတ်ပုံတင်စာရင်းရေးသွင်းထားခြင်းမရှိသည့်ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်ဒေါ်ခင်စန္ဒာကျော်ထံမှမြေကွက်ငှား၍ဒေါ်ကျော့ကေခိုင်မှSteel Structureအဆောက်အဦ(၁)လုံးဆောက်လုပ်၍ဆိုင်ဖွင့်ထားခြင်းနှင့်ပတ်သက်၍လျှောက်ထားသူမှဌာနဝင်စာ–၅၈၅၈/၃၀-၄-၂၀၂၄ဖြင့် ဒေါ်ခင်စန္ဒာကျော်နေထိုင်သောနေအိမ်သို့သွားရောက်၍၎င်းဆောက်လုပ်ထားသောတဲအားဖယ်ရှားပေးရန်ညှိနှိုင်းခဲ့ရာ၎င်းမှဦးသက်ထွန်း၏မြေကွက်မှန်ကန်ပါကဂရန်ထွက်အောင်ဆောင်ရွက်ရန်နှင့်ဂရန်ထွက်လာပါကမြေကွက်ပေါ်မှဖယ်ရှားပေးမည်ဟုပြောဆိုကြောင်း၊၎င်းအားဂရန်သစ်ချပေးပါရန်နှင့်ဂရန်ရရှိပြီးပါကဒေါ်ခင်စန္ဒာကျော်အား၎င်း၏မြေပေါ်မှအမြန်ဆုံးဖယ်ရှားပေးပါရန်ညှိနှိုင်းသွားမည်ဖြစ်ကြောင်းနှင့်ဖယ်ရှားမပေးပါကဥပဒေအကြောင်းအရာအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းတင်ပြလာပါသဖြင့်ဦးသက်ထွန်းမှပါမစ်မူရင်းတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊**

**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## တနင်္သာရီတိုင်းဒေသကြီး
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)(၄/၂၀၂၄-၂၀၂၅)
## ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လုပ်ငန်းသုံးစက်/ယန္တရားများဖြစ်သည့် Mini Excavator With Blade (6.5Tonနှင့်အထက်) (Brand New) (Model Year–2021 နှင့်အထက်) (Licence အပါ) (၂)စီး (ထားဝယ်မြို့အရောက်) မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် တတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်–

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | (၂၇-၆-၂၀၂၄)ရက် (ကြာသပတေးနေ့) |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | (၁၀-၇-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာ ပိတ်မည့်အချိန် | ညနေ (၁၆:၀၀) နာရီ |
| (ဃ) | အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်ရက် | (၁၂-၇-၂၀၂၄)ရက် (သောကြာနေ့) |
| (င) | အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်အချိန်/ နေရာ | နံနက် (၉:၃၀) နာရီ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ထားဝယ်မြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံများ၊ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**ဖုန်း–၀၅၉–၂၀၂၁၁၁၄၊ ၀၅၉–၂၀၂၃၅၇၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ မြေကွက်အမှတ်(၁၁၄၂/B)၊ လူနေရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ ထူပါရုံ(၁) လမ်း၊ (အလျား၃၇ပေxအနံ၆၀ပေ)ရှိ အိမ်ခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ကိုကိုထက် [၁၂/ သကတ(နိုင်)၁၉၄၀၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်လှ [၁၂/လမတ(ဧည့်)၀၀၀၅၈၉]သည် အပြီးအပြတ်ဝယ်ယူပြီး (၁၉-၆-၂၀၂၄)နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုဇနခင် (တရားလွှတ်တော်ရှေ့နေ) စဉ်–၁၈၅၂၉၊**
**ရုံးခန်းလိပ်စာ–တိုက်(၂)၊ အခန်းအမှတ်(၃၀၂)၊ မြင်တော်သာအိမ်ရာ၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၀၉၇၇၇၁၇၊ ၀၉–၄၃၁၆၂၂၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် (၇၈/၅၄)၊ ပထမထပ် (၂-လွှာ)၊ ခေါင်းရင်းဘက်အခြမ်းရှိ တိုက်ခန်းအား ဦးကျော်သူဟိန်း [၁၂/သလန(ပြု)၀၀၁၁၃၂]နှင့် ဒေါ်ဇင်မာဦး [၁၂/သကတ(နိုင်)၂၁၆၂၀၁]တို့သည်တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ထွေး(ခ)မောင်လှထွေး [၁၂/ဗဟန(နိုင်)၀၇၀၅၇၈]မှဝယ်ယူရန်သဘောတူညီခဲ့သည့်အလျောက် (၂၅-၆-၂၀၂၄) ရက်နေ့တွင် တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု အငြင်းပွားခြင်း၊ ပြဿနာတစ်စုံတစ်ရာ၊ အရှုပ်အရှင်းတစ်စုံတစ်ရာရှိပါက သက်ဆိုင်သူများသည် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်နှင့် ကျွန်ုပ်၏မိတ်ဆွေများထံသို့ လူကိုယ်တိုင် တိုက်ရိုက်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် ကတိစာချုပ်ပါ နေ့ရက်အတိုင်း ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုဇနခင် (တရားလွှတ်တော်ရှေ့နေ) စဉ်–၁၈၅၂၉၊**
**ရုံးခန်းလိပ်စာ–တိုက်(၂)၊ အခန်းအမှတ်(၃၀၂)၊ မြင်တော်သာအိမ်ရာ၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉– ၂၅၀၉၇၇၇၁၇၊ ၀၉– ၇၈၅၉၀၅၃၉၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ်(၁၁၉၇/က)၊ လူနေရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြင်တော်သာလမ်း၊ (အလျား၂၀ပေxအနံ၆၀ပေ)ရှိ အိမ်ခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးကောင်းမြတ်ရှင်း [၁၂/သကတ(နိုင်)၁၇၀၂၉၂]၊ ဒေါ်သင်းယုလှိုင် [၁၂/ပဇတ(နိုင်)၀၃၂၅၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိန်ထွန်း [၁၂/ဒပန(နိုင်)၀၄၂၀၄၆]သည် အပြီးအပြတ်ဝယ်ယူပြီး (၂၃-၆-၂၀၂၄)နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုဇနခင် (တရားလွှတ်တော်ရှေ့နေ)၊ စဉ်–၁၈၅၂၉၊**
**ရုံးခန်းလိပ်စာ–တိုက်(၂)၊ အခန်းအမှတ်(၃၀၂)၊ မြင်တော်သာအိမ်ရာ၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉– ၂၅၀၉၇၇၇၁၇၊ ၀၉– ၄၅၀၀၉၁၉၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောဈေးကွန်ဒို (ဗားကရာကွန်ဒို)၊ (၃)လွှာ၊ အခန်းအမှတ်(၄၀၇)၊ တိုက်အမှတ် (၁၄၁/၁၄၉)၊ အကျယ်အဝန်း-(၁၂၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ စွဲကပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မျိုးလတ် [၁၂/ကမတ(နိုင်)၀၃၉၇၃၈]မှ လက်ဝယ်ရရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ယဉ်ငြိမ်း [၁၂/ဆကခ(နိုင်)၀၁၆၈၁၈]မှ စရန်ငွေတချို့တစ်ဝက်ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ(၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိမွန်သော် (LL.B , LL.M )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၇၀)**
**၂-လမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၀၇၁၅၁၀၊ ၀၉-၇၉၉၂၉၈၂၈၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ကျွန်းသာယာရပ်ကွက်၊ မင်းကြီးညိုလမ်း၊ အမှတ်(၃၆၃/က)ဟုခေါ်တွင်သော အလျား(၂၀)ပေ၊ အနံ(၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးထွန်းထွန်းဦး [၇/ပခန(နိုင်)၀၉၀၃၃၆]ကသာ တရားဝင်ပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ဥပဒေစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာစိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၅၂/၂၅-၁၁-၂၀၂၁)**
**အမှတ်(၃၄)၊ ဝန်ဇင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၈၄၇၉၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ လင်းရောင်ခြည် (၁) လမ်းတွင် တည်ရှိသည့် (အလျား ၆၀ x အနံ ၂၀) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမွေဆက်ခံခြင်းဖြင့် ရရှိပိုင်ဆိုင်ခဲ့ပြီး တရားဝင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်နွဲ့ကြည် (SRM-၀၇၈၉၅၂) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ရတနာအောင် (ဘ) ဦးမောင်မောင်သန်း [၁၂/လမန(နိုင်) ၁၅၉၂၄၅]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင် စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မြင့်မြင့်ခိုင် (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၃၆၂/၂၀၁၇)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၀၂၅၃၇၃၅** | **ဖုန်း-၀၉-၄၂၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(၇+၈+၉)၊ ဧရိယာ (၁.၂၄၀)ဧကရှိ မြေကွက်သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲ အမှတ်-RPNO- ၀၂၀/V/(၂၀၁၇-၂၀၁၈) (၁၄-၈-၂၀၂၀ မှ ၁၃-၈-၂၀၃၀ အထိ) အရ ဦးလှကြည် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်ကြီးအတွင်းရှိ ဦးပိုင်အမှတ်(၈)အတွင်းမှ ဧရိယာ(၀.၀၂၇)ဧက မြေကွက်အမှတ်(၂၁)ရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား သန်လျင်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ (၂၀၂၄)ခုနှစ် စာချုပ်အမှတ်(၁၄၂)ဖြင့် ဂရန်မြေကွက် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်နွေးနွေးမြင့် (ဘ)ဦးဖုန်းနိုင် [၁၂/သကတ(နိုင်) ၁၅၂၀၈၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းအေး(ဘ) ဦးအုန်းခိုင် [၁၂/မဂတ(နိုင်)၁၅၆၅၈၈] ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော ဂရန်စာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စိုးစိုးကြည်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

